The salary, allowance, and emolument of the Chief Justice of the Kachin State High Court shall be equivalent to that provided to the Chief Minister of Kachin State.

**Article 80 Salary, Allowance, and Emolument of the Justices of the High Court of Kachin State**

The salary, allowance, and emolument of the Justices of the Kachin State High Court shall be equivalent to that provided to the Deputy Chief Minister of Kachin State.

**Article 81 Judicial Independence**

The Justices and Judges of the High Court and subordinate courts of Kachin State established under this constitution and laws adopted by the Kachin State Legislative Assembly shall perform their judicial duties in accordance with this constitution and the laws of the Kachin State Legislative Assembly. They shall perform their duties without interference by the government or individuals.

**Article 82 Duties and Privileges**

No judge may be removed from chambers or denied the appurtenance of his or her office unless and until:

(A) he or she violates prescribed laws, rules or regulations;
(B) he or she submits his or her resignation;
(C) he or she is incapable of performing the duties of his or her office;
(D) he or she has reached the age prescribed by law for retirement.

**Article 83 Prohibition of Secondary Employment**

The Justices of the High Court of Kachin State shall perform their judicial duties and shall not undertake:

(A) employment with salary or benefits other than their employment as justices of the High Court of Kachin State;
(B) managing membership in any business for-profit business organization; or
(C) membership in any Legislative Assembly or membership in any governmental body.

**Article 84 Annual Budgets**

The High Court of Kachin State shall prepare the annual budgets of the High Court and Subordinate Courts of Kachin State for submission to the Kachin State Legislative Assembly within the prescribed time.

**Article 85 Supremacy**

Decisions of the High Court of Kachin State in accordance with this constitution shall be final except with respect to the question of law.

**Article 86 The Power to Issue Writs**

The High Court of Kachin State shall have the power to issue writs.

**Article 87 Interpretation of the Kachin State Constitution**

The High Court of Kachin State shall have the power authoritatively to interpret and determine the meaning of the Kachin State Constitution.

## Chapter 7
**Inter-Governmental Relations**

### Article 88 Relationship with the Federal Union ofthe Republic of Burma

The Kachin State government and the Federal Union of the Republic of Burma shall interact with and assist each other to implement the tasks of the Federal Union of the Republic of Burma and of Kachin State.

### Article 89 Kachin State Delegation

So that the government of the Federal Union of the Republic of Burma and the government of Kachin State may regularly interact, the Kachin State Legislative Assembly shall form a committee on such interaction, the term of which committee shall not exceed one year.

### Article 90 Inter-State Relations

The Kachin State Legislative Assembly shall prescribe laws to promote the co-ordination of its activities with the other member states of the Federal Union of the Republic of Burma. In addition, the Kachin State Legislative Assembly shall have authority to prescribe law to determine the amount that Kachin State will allocate to improve the inter-relationship between Kachin State and other member states of the Federal Union of the Republic ofBurma.

### Article 91 Laws for Local Governments

The Kachin State Legislative Assembly shall prescribe uniform laws for local governments.

## Chapter 8
### Emergencies

**Article 92 Emergency**

The Kachin State Chief Minister shall have the power to declare a State of Emergency under any of the following circumstances:

(A) Invasion of Kachin State by any country or countries; or in extreme situations a threat of invasion;

(B) Abridgement of the rule of law and the public peace; or visible endangerment or derogation of public security and tranquility;

(C) Extreme destruction, suffering, or death due to natural disasters or imminent threat of such disaster.

**Article 93 Declaration of a State of Emergency**

(A) The Chief Minister of Kachin State shall have power to declare a State of Emergency in all or part of Kachin State under any of the conditions specified in Article 92.

(B) Whenever Article 92(a) or (b) provides the ground for a declaration of a state of emergency, the Chief Minister of Kachin State must seek the approval of the Kachin State Legislative Assembly during it regular session if ongoing or otherwise at an emergency session called for this purpose. If the Kachin State Legislative Assembly rejects the declaration of a State of Emergency, the State of Emergency shall immediately terminate.

(C) The Chief Minister of Kachin State shall use the resources of Kachin State to deal with a State of Emergency declared **under** Article 92 of this constitution. If the Chief Minister of the Kachin State has reason to believe that Kachin State needs assistance from the Federal Union of the Republic of Burma, he or she shall bring the issue to the Kachin State Legislative Assembly, and if two-thirds of the Assembly concur, appropriate action may be

taken.

(D) The Kachin State Legislative Assembly shall prescribe laws to implement this provision.

**Article 94 The Duration of a State of Emergency**

(A) The declaration of a State of Emergency must clearly specify the duration of the declaration, which shall not in any event exceed three months.

(B) With the agreement of the Kachin State Legislative Assembly, a State of Emergency may be extended for another three months. Such extension of a State of Emergency may be made only with the approval of a majority of the members of the Kachin State Legislative Assembly.

(C) Any extension of a State of Emergency for more than 6 months shall be made only with the approval a majority of the members of the Kachin State Legislative Assembly.

**Article 95 Powers and Duties**

During a State of Emergency declared under Article 92 (a) of this constitution, the Chief Minister of Kachin State shall

(A) be the head of the Armed Forces of Kachin State with the power of Commander-in-Chief of the Armed Forces; and

(B) deploy the Federal Security and Defense forces only when the Armed Forces of Kachin State are incapable of dealing with the emergency.

**Article 96 Judicial Review**

The High Court of Kachin State shall have the power to review the following actions for conformity with this constitution:

(A) a declaration of a State of Emergency

(B) extension of a State of Emergency; and
(C) prescription of the law applicable during a State of Emergency.

**Article 97 Judicial Functions during a State of Emergency**

At all times during any State of Emergency, the courts shall continue to exercise their judicial functions. Judges appointed by pre-existing laws shall continue to preside over the administration of justice.

**Article 98 Irrevocable Rights**

During a State of Emergency, no law may invade the rights to life, liberty, or dignity, nor may any law be enforced in such a way as to invade the rights to life, liberty, or dignity of the citizens of the Kachin State. No one shall be forced to work.

**Article 99 Prescription of the Law during a State of Emergency**

Except for.those rights specified in Articles 12 and 13, the Kachin State Legislative Assembly shall have the power to limit the rights of individuals and the ownership of property during a State of Emergency.

**Article 100 Termination of a State of Emergency**

(A) A State of Emergency must be terminated when the declared duration expires or when the Chief Minister of Kachin State revokes its declaration.
(B) The termination of a State of Emergency by expiration of its duration or by revocation by the Chief Minister of Kachin State shall be declared and recorded in the Kachin State Gazette.

## Chapter 9
## General Provisions

**Article 101 Flag**

The Kachin State flag shall be..................................................................................

**Article 102 Emblem**

The Kachin State emblem shall be........................................................................

**Article 103 Government Seal**

The Kachin State government seal shall be.............................................................

**Article 104 National Anthem**

The Kachin State National Anthem shall be.......................................................

**Finance**

**Article 105 Taxation**

The Kachin State Legislative Assembly shall prescribe uniform laws for the prescription and collection of taxation.

**Article 106 Prohibition**

No governmental branch shall appropriate the revenue of Kachin State other than as provided in legislation made by the Kachin State Legislative Assembly.

### Article 107 Report

In accordance with legislation by the Kachin State Legislative Assembly, all governmental branches and organizations that receive revenue from Kachin State shall prepare income and expenditure reports, which shall be submitted to and made public through the Kachin State Legislative Assembly.

### Article 108 Borrowing Money

The Kachin State Legislative Assembly shall never enter a contract to borrow money on behalf of Kachin State nor confer on others the power to borrow money on behalf of Kachin State except under the following conditions:

(A) To cover a shortage of revenue;
(B) To pay the interest on the Kachin State debt;
(C) To repel an invasion;
(D) To suppress insurrection or treason;
(E) To control a threat to public security.

### Article 109 Annual Budget

The Chief Minister of Kachin State shall prepare the annual budget for Kachin State and submit it to the Kachin State Legislative Assembly at least three months prior to the end of the fiscal year.

### Article 110 Auditor General

The Kachin State Legislative Assembly shall appoint an Auditor General to audit the appropriation of income and expenditure of the Kachin State Government and subordinate departments and organizations. The Auditor General shall audit income and expenditure and report to the Kachin State government once every three months with recommendation and analysis.

**Article 111 Public Service**

The Kachin State Legislative Assembly shall prescribe law to govern the appointment, training, promotion, salaries, privileges, and duties of those in public service.

**Article 112 Public Welfare**

The Kachin State Legislative Assembly shall prescribe law to provide for public education, health, welfare, and housing programs. The Kachin State Legislative Assembly may prescribe law to allow private agencies to conduct such programs.

**Article 113 Investigation/Auditing**

Any agency or charity working for the public benefit, whether in conjunction with the Kachin State Government or independently, shall be subject to investigation to ensure that it complies with all relevant laws, rules, and regulations.

**Article 114 Conservation**

The Kachin State Legislative Assembly shall prescribe laws for the conservation, development, and use of agricultural, mineral, forest, water and other natural resources.

**Article 115 Security and Defense Service**

(A) **In** accordance with the Constitution of the Federal Union of the Republic of Burma, the following armed forces shall be established to provide security and defense:

1. Kachin State Defense Force
2. Kachin State Police Force

(B) The Kachin State Legislative Assembly shall prescribe laws for the formation of the Kachin State Security Forces and Defense Forces. The Kachin State Defense Forces shall be comprised of a permanent force and an auxiliary force.

**Article 116 Head of the Armed Forces**

(A) The Chief Minister of Kachin State shall be the head of the Kachin State Security and Defense Forces.
(B) The Chief Minister of Kachin State shall appoint a Deputy Head of the Kachin State Security and Defense Forces with the advice and consent of the Kachin State Legislative Assembly.

**Article 117 Mandatory Military Service**

Every citizen of the Kachin State who has attained the age of seventeen years shall serve in the Armed Forces of Kachin State except when the law provides an exemption. The Kachin State Legislative Assembly shall prescribe law to carry this provision into effect.

**Article 118 Citizenship of Kachin State**

Every person, at least one of whose parents is or was a citizen of Kachin State citizen, shall be a citizen Kachin State.

**Article 119 Citizenship of the Federal Union**

Every person whom Kachin State recognizes as its own citizen shall automatically be a citizen of the Federal Union of the Republic of Burma.

**Article 120 The Right to Kachin State Citizenship**

Every person who legally resides in Kachin State shall have the right to be

recognized as a citizen of Kachin State citizen. The Kachin State Legislative Assembly shall prescribe law to carry this provision into effect.

# Chapter 10
## Transitional Provisions

**Article 121 Existing** Laws

(A) At the time of this constitution comes into effect, all existing laws and acts that conform to this constitution shall remain in force unless and until the Kachin State Legislative Assembly repeals or amends them.

(B) At the time of this constitution comes into effect, all existing rules, regulations, orders, directives, and programs that conform to this constitution shall remain in force unless and until the Kachin State Legislative Assembly repeals or amends them.

**Article 122 Existing Courts**

AI! the courts existing at the time that this constitution comes into force shall continue to function until a new judicial system comes into existence in accordance with this constitution.

**Article 123 Civil Servants**

All government servants who were in service before this constitution came into force shall remain in their original position unless and until the government of Kachin State provides otherwise.

# Chapter 11
## Amendment of the Constitution

### Article 124 Procedure for Amending the Constitution

(A) A bill to amend, repeal, replace, or add to this constitution, in part or in whole, may originate only in the Kachin State Legislative Assembly. When such a bill has been introduced, it shall become law if

1. Two-thirds of the Kachin State Legislative Assembly supports it; or
2. The people support it in a referendum held for this purpose. The Kachin State Legislative Assembly shall decide whether to extend to a bill the procedure prescribed in (A) (1) or the procedure prescribed in (A) (2).

(B) The Kachin State Legislative Assembly shall decide whether to extend to a bill the procedure prescribed in (A) (1) or the procedure prescribed in (A) (2).

# ကချင်ပြည်(နယ်)ဖွဲ့စည်းအုပ်ချုပ်ပုံ

## အခြေခံဥပဒေ (ပထမမူကြမ်း)

## မာတိကာ

နိဒါန်း
အခန်း (၁) ကချင်ပြည်(နယ်)ဖွဲ့စည်းတည်ဆောက်ပုံ
အခန်း (၂) အခြေခံအခွင့်အရေးနှင့်လွတ်လပ်ခွင့်များ
အခန်း (၃) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်
အခန်း (၄) ကချင်ပြည်(နယ်)အစိုးရ
အခန်း (၅) ရွေးကောက်ပွဲဆိုင်ရာပြဋ္ဌာန်းချက်များ
အခန်း (၆) တရားစီရင်ရေး
အခန်း (၇) အစိုးရအဖွဲ့အစည်းအဆင့်ဆင့် ဆက်သွယ်ခြင်း
အခန်း (၈) အရေးပေါ်အခြေအနေ
အခန်း (၉) အထွေထွေပြဋ္ဌာန်းချက်များ
အခန်း (၁၀) အသွင်ကူးပြောင်းရေးကာလဆိုင်ရာပြဋ္ဌာန်းချက်များ
အခန်း (၁၁) ကချင်ပြည်(နယ်)ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ခြင်း

## ကချင်ပြည်(နယ်)ဖွဲ့စည်းအုပ်ချုပ်ပုံ

## အခြေခံဥပဒေ (ပထမမူကြမ်း)

**နိဒါန်း**

ကချင်ပြည်(နယ်)သူ၊ကချင်ပြည်(နယ်)သားများဖြစ်ကြကုန်သောကျွန်ုပ်တို့သည်စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ရန်အလို့ငှာသော်၎င်း၊ ကချင်ပြည်(နယ်)အတွင်း နိုင်ငံရေး၊စီးပွားရေး၊လူမျိုးရေးတို့အရတန်းတူရေး၊ မိမိကံကြမ္မာမိမိဖန်တီးနိုင်ရေး၊ပြည်(နယ်)သူပြည်(နယ်)သားတစ်ဦးချင်းစီတို့၏လူနေမှုဘဝလုံခြုံရေးနှင့်တသီးပုဂ္ဂလိကလွတ်လပ်ပိုင်ခွင့်တို့ကိုအာမခံရေး၊ ပြည်(နယ်)တွင်းငြိမ်းချမ်းမှုတည်ဆောက်နိုင်ရေးတို့ကိုရှေ့ရှုပြီးလွတ်လပ်ရေး၏အသီးအပွင့်များကိုကျွန်ုပ်တို့နှင့်တကွ၊ကျွန်ုပ်တို့၏နောင်လာနောက်သားများအစဉ်တစိုက်ခံစားနိုင်စေခြင်းအလို့ငှာအခိုင်အမာခံဝန်ပြုသနိဌာန်ချလျက်ခရစ်တော်သက္ကရာဇ်___________ ခုနှစ်၊ __________ လ၊_______ ရက်နေ့တွင်ဤကချင်ပြည်(နယ်)ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျွန်ုပ်တို့၏ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၌ကျွန်ုပ်တို့သည်လက်ခံ၍ဥပဒေအဖြစ်အတည်ပြုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## ကချင်ပြည်(နယ်)

### ပုဒ်မ ၁ ကချင်ပြည်(နယ်)

ကချင်ပြည်(နယ်)သည်ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ၏ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်(နယ်)တစ် ခုဖြစ်သည်။ ယင်းကို ကချင်ပြည်(နယ်)ဟုခေါ် တွင်စေရမည်။

### ပုဒ်မ ၂ အချုပ်အချာအာဏာ

(က) ကချင်ပြည်(နယ်)သည်ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အချုပ်အချာ အာဏာနှင့် ပြည့်ဝသော ပြည်(နယ်)တစ်ခုဖြစ်သည်။

(ခ ) ကချင်ပြည်(နယ်)၏ အချုပ်အချာအာဏာသည် ကချင်ပြည်(နယ်)သူပြည် သားများ၏ လက်ဝယ်၌တည်ရှိသည်။

(ဂ ) ယင်းအချုပ်အချာအာဏာကို လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများတွင် ပြည်သူလူထုက တိုက်ရိုက်၊လျှို့ဝှက်မဲပေးခြင်းအားဖြင့်ရွေးကောက်တင်မြှောက်သည့်လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ကိုယ်စား လက်ခံကျင့်သုံးရမည်။

**ပုဒ်မ ၃ သီးခြားကျင့်သုံးခြင်း**

ကချင်ပြည်(နယ်)၏ အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သည့် ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်မှု အာဏာတို့ကို သီးခြားကျင့်သုံးစေရမည့်အပြင် အာဏာတစ်ရပ်နှင့်တစ်ရပ် အပြန်အလှန်ထိန်းကျောင်းကြီး ကြပ်စေ ရမည်။

**ပုဒ်မ ၄ နိုင်ငံရေးစံနစ်**

ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်။

**ပုဒ်မ ၅ နယ်နိမိတ်**

ကချင်ပြည်(နယ်)၏ နယ်နိမိတ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုသည့်နေ့တွင် တည်ရှိသည့်အ တိုင်းဖြစ် သည်။

**ပုဒ်မ ၆ ကချင်ပြည်(နယ်)ဖွဲ့စည်းပုံ**

**ကချင်ပြည်(နယ်)ကို–**

(က)ရပ်ကွက်များကို စုစည်း၍ ရပ်ကွက်အုပ်စုအဖြစ်၎င်း

( ခ) ကျေးရွာများကိုစုစည်း၍ ကျေးရွာအုပ်စုအဖြစ်၎င်း

( ဂ) ရပ်ကွက်အုပ်စုများကိုစုစည်း၍သို့တည်းမဟုတ်ရပ်ကွက်အုပ်စုများနှင့်ကျေးရွာအုပ်စုများကိုစုစည်း၍ မြို့အဖြစ် ၎င်း

(ဃ)ရပ်ကွက်အုပ်စုများ၊ ကျေးရွာအုပ်စုများ သို့တည်းမဟုတ် ရပ်ကွက်အုပ်စုများ၊ ကျေးရွာအုပ်စုများနှင့် မြို့များကို စုစည်း၍ မြို့နယ်အဖြစ်၎င်း

( င) မြို့နယ်များကိုစုစည်း၍ ကချင်ပြည်(နယ်)အဖြစ်၎င်း ဖွဲ့စည်းသည်။

**ပုဒ်မ ၇ မြို့တော်**

မြစ်ကြီးနားမြို့သည် ကချင်ပြည်(နယ်)၏ မြို့တော်ဖြစ်သည်။

**ပုဒ်မ ၈ ရုံးသုံးဘာသာ**

အင်္ဂလိပ်စာနှင့်ကချင်စာကို ကချင်ပြည်(နယ်)၏ရုံးသုံးဘာသာအဖြစ်သတ်မှတ်သည်။

## ပုဒ်မ ၉ အာဏာခွဲဝေကျင့်သုံးခြင်း (**Division of Powers)**

(က)ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် အောက်စာရင်းပါကိစ္စနှင့်ပတ်သက်၍ဥပဒေပြုမှုအာဏာများကို ရရှိစေရ မည့်အပြင်ဖက်ဒရယ်ပြည်ထောင်စုသို့လွှဲအပ်ထားသောအာဏာများနှင့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေ ခံဥပဒေ ကတားမြစ်ပိတ်ပင်ထားသောဥပဒေပြုမှုအာဏာများမှအပ ကျန်ဥပဒေပြုမှုအာဏာများ အားလုံးကိုလည်းရရှိစေရမည်။

(၁) ကချင်ပြည် (နယ်)သားဖြ စ်ခြင်း။
(၂) ကချင်ပြည်( နယ် )ကာကွယ်ရေး။
(၃) သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး။
(၄) ကချင်ပြည် (နယ်)အတွင်းမြေပေါ်မြေအောက် သယံဇာတတူးဖေါ်ထုတ်လုပ်ခြင်း ၊ ရောင်းချခြင်း ။
(၅) ကချင်ပြည် (နယ် )အတွင်းရောင်းဝယ်ခွန် ၊ စီးပွါးရေးလုပ်ငန်းခွန် ၊ အမြတ်ခွန် ၊ ယစ်မျိုးခွန် ၊
ဆိပ်ကမ်းခွန်ဆိုင်ရာကိစ္စ ရပ်များ ။
(၆) နိုင်ငံတစ်ကာနှင့်ကုန်သွယ်ရေးဆိုင်ရာပြဌာန်းချက်များ
(၇) အကောက်ခွန်၊ သွင်းကုန်ထုတ်ကုန်အခွန်ကောက်ခံခြင်းဆိုင်ရာပြဌာန်းချက်များ
(၈) ကချင်ပြည်( နယ်) အတွင်းကုန်သွယ်မှုစည်းမျဉ်းစည်းကမ်းများ ။
(၉) ပညာရေး ။
(၁၀) ကျန်းမာ ရေး ။
(၁၁) လူမှုဖူလုံရေးဆိုင်ရာဥပဒေများ ။
(၁၂) နေအိမ် ၊ဥပစာ ၊မြေ ယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များ ။
(၁၃) ကချင်ပြည် (နယ်) ၏စွမ်းအင်စီမံကိန်းလုပ်ငန်းများ ၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ ။

(၁၄) ကချင်ပြည်( နယ်)ရှိလူမျိုးစုများ၏ လက်ထပ်ထိမ်းမြားခြင်း ၊ လင်မယားကွာရှင်းခြင်း ၊ အမွေဆက်ခံမှု
စသည့်ရိုးရာဓလေ့ထုံးတမ်းဥပဒေများ ။
(၁၅) ယဉ်ကျေးမှု ဆိုင်ရာကိစ္စရပ်များ ။
(၁၆) လောင်းကစားနှင့်ဆိုင်သောဥပဒေများ ။
(၁၇) ကချင်ပြည် (နယ်)၏နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေစာရင်း ။
(၁၈) ဝန်ထမ်းရေးရာ ။
(၁၉) မူယစ်ဆေးဝါးဆိုင်ရာဥပဒေ ။
(၂၀) ——————————————————
(၂၁) ——————————————————
(၂၂) ——————————————————

(ခ)ဖက်ဒရယ်ပြည်ထောင်စု(သို့တည်းမဟုတ်)ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်(နယ်)များနှင့် ကချင်ပြည်(နယ်)၏အကျိုးစီးပွားကို ဖြစ်ထွန်းစေမည်ဆိုပါက အောက်ဖေါ် ပြပါဥပဒေပြုမှုအာဏာများကို ဖက်ဒရယ်ပြည်ထောင်စုသည် ကချင်ပြည်(နယ်)နှင့်ထပ်တူ ဥပဒေပြုပိုင်ခွင့်ရှိစေရမည်။

(၁)ပြည်ထောင်စုအတွင်းရောင်းဝယ်ခွန်၊ စီးပွားရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန်၊ ဆိပ်ကမ်းခွန် ဆိုင်ရာကိစ္စရပ် များ

(၂) သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေး

(၃) မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ

(၄) ဖွားသေစာရင်းမှတ်ပုံတင်ခြင်း

(၅) ကူးယူပြန့်ချီခွင့် ၊ နည်းပညာမူပိုင်ခွင့် ၊ ဒီဇိုင်းနှင့်တံဆိပ်အမှတ်အသားဆိုင်ရာပြဌာန်းချက်များ ။

(၆) လက်နက်နှင့်ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များထုတ်လုပ်ခြင်း ၊ ရောင်းချခြင်း ၊ တင်သွင်းခြင်း ၊ တင်ပို့ခြင်း ။

(၇) ကချင်ပြည်(နယ်)အတွင်း၌ ကျရောက်သောပြည်ထောင်စု၏စွမ်းအင်စီမံကိန်းလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးစီမံကိန်း ကြီး များ

(၈) နိုင်ငံခြားအစိုးရများနှင့် ကုမဏီများမှ ကချင်ပြည်(နယ်)သို့ ရင်းနှီးမြှုတ်နှံခြင်းဆိုင်ရာ ကိစ္စရပ် များ

(၉) ဒေသဆိုင်ရာရေဒီယိုနှင့် ရုပ်မြင်သံကြားလုပ်ငန်းများ

(၁၀) ဘဏ်နှင့်အာမခံလုပ်ငန်းများ

(၁၁) တက္ကသိုလ်နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာကိစ္စရပ်များ

(၁၂) ကချင်ပြည်(နယ်)မှပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တစ်နယ်(သို့တည်းမဟုတ်)ပြည်နယ်များသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော မြစ်များနှင့် ရေကြောင်းဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်များ

(၁၃) ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်

(၁၄) ရာဇဝတ် ဥပဒေနှင့် တရားမကျင့်ထုံးဥပဒေများ

(၁၅) ပြည်သူ့ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းများ

(ဂ) ကချင်ပြည်(နယ်)သည်အောက်ဖော်ပြပါဥပဒေပြုမှုအာဏာများကိုဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်။

(၁) ပြည်ထောင်စုနိုင်ငံခြားရေး

(၂) ပြည်ထောင်စုကာကွယ်ရေး

(၃) ဒေသဆိုင်ရာအသံလွှတ်နှင့်ရုပ်မြင်သံကြားလုပ်ငန်းများမှအပ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေး

(၄) ငွေစက္ကူ၊ ငွေဒင်္ဂါးထုတ်လုပ်ခြင်း ၊ ဖြန့်ဝေခြင်း

(၅) ဖက်ဒရယ်ပြည်ထောင်စုအလေးချိန်နှင့်ခြင်တွယ်တိုင်းတာခြင်း

(၆) ပြည်ထောင်စု၏နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်း

(၇) ပြည်ထောင်စုအဝေးပြေးကားလမ်းများ၊ ပြည်ထောင်စုရထားလမ်း၊ ပြည်ထောင်စုရေကြောင်းလမ်းများ၊ ပင်လယ်ရေ ကြောင်းနှင့်လေကြောင်းလုပ်ငန်းများ

(၈) ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာပြဌာန်းချက်များ

(၉) ပြည်ထောင်စုရဲတပ်ဖွဲ့

(၁၀) နိုင်ငံတော်အရေးပေါ်အခြေအနေ
(၁၁) ပြည်ထောင်စုသန်းခေါင်စာရင်းကောက်ခံခြင်း
(၁၂) ဘွဲ့လွန်ပညာရေးဆိုင်ရာပြဌာန်းချက်
(၁၃) ဓလေ့ထုံးတမ်းကွဲပြားသူများအကြား၊လက်ထပ်ထိမ်းမြားခြင်း၊လင်မယားကွာရှင်းခြင်းနှင့်အမွေဆက်ခံခြင်း ဆိုင်ရာပြဌာန်းချက်များ
(၁၄) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရွေးကောက်တင်မြှောက်ခြင်း

## ပုဒ်မ ၁၀ ဒေသန္တရအစိုးရ

(က) မြို့နယ်အဆင့် အုပ်ချုပ်ရေးဌာနများကို ဒေသန္တရအစိုးရအဆင့်သတ်မှတ်သည်။
(ခ) ဒေသန္တရအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကပြဌာန်းသတ်မှတ်ပေးရမည်။

## ပုဒ်မ ၁၁ အမြင့်ဆုံးဥပဒေဖြစ်ခြင်း

ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကချင်ပြည်(နယ်)ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ကချင်ပြည်(နယ်)၏ အမြင့်ဆုံးဥပဒေဖြစ် သည်။

# အခန်း (၂)
# အခြေခံအခွင့်အရေးများနှင့်လွတ်လပ်ခွင့်များ

## ပုဒ်မ ၁၂ အခြေခံအခွင့်အရေးများ

ကချင်ပြည်(နယ်)အတွင်း နေထိုင်သူတိုင်းသည်
(က) ဇာတိ၊ကိုးကွယ်ရာဘာသာ၊အဆင့်အတန်း၊ လိင်၊ အသားအရောင်၊ လူမျိုး၊ အသက်အရွယ် ခွဲခြားမှုမရှိစေရဘဲ တရားဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေးရှိစေရမည်။
(ခ) လွတ်လပ်စွာတွေးခေါ်ခွင့်၊ ယုံကြည်ခွင့် ရှိစေရမည်။
(ဂ) လူပုဂ္ဂိုလ်တဦးအဖြစ် တရားဝင်အသိအမှတ်ပြုခံပိုင်ခွင့်ရှိပြီး လူ့ဂုဏ်သိက္ခာအား လေးစားစေမှုနှင့် ကာကွယ်ပေးမှု ရယူပိုင်ခွင့်ရှိစေရမည်။
(ဃ) အသက်ရှင်ရပ်တည်ပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ ၁၃ အခြေခံ လွတ်လပ်ခွင့်

ကချင်ပြည်(နယ်)အတွင်းနေထိုင်သူ မည်သူမဆို
(က) ကျွန်ပြုခြင်းမခံစေရ။
(ခ) တရားဥပဒေအရ တရားစီရင်ခံရခြင်းမှလွဲ၍ အဓမ္မစေခိုင်းခံရခြင်း မရှိစေရ။
(ဂ) နှိပ်စက်ညှင်းပမ်းခြင်း၊ လူမဆန်သော ရက်စက်စွာပြုမူဆက်ဆံခြင်း မခံထိုက်စေရ။

## ပုဒ်မ ၁၄ အခြေခံ ရပိုင်ခွင့်

ကချင်ပြည်(နယ်)အတွင်းနေထိုင်သူတိုင်းသည် –
(က) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းရယူခွင့်၊ သတင်းဖြန့်ချီခွင့် ရှိစေရမည်။
(ခ) လွတ်လပ်စွာဘာသာတရားကိုးကွယ်ခွင့်၊ ဘာသာရေးထုံးတမ်းစဉ်လာများကို ကျင့်သုံးခွင့် ရှိစေရမည်။
(ဂ) လွတ်လပ်စွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်ရှိစေရမည်။
(ဃ) နိုင်ငံရေးခိုလှုံခွင့် တောင်းခံပိုင်ခွင့်ရှိစေရမည်။
(င)ဤပုဒ်မပါလွတ်လပ်ခွင့်များကိုကျင့်သုံးရာတွင်ဒီမိုကရေစီကျင့်စဉ်များကိုဆန့်ကျင်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့်ပြည်သူတို့၏ကိုယ်ကျင့်တရားကိုထိခိုက်ပျက်ပြားစေနိုင်ခြင်းများဖြစ်ပေါ်လာပါကကန့်သတ်ဟန့်တား သည့်ဥပဒေကို ပြည်(နယ်)ဥပဒေပြုလွှတ်တော်မှ ပြဌာန်းနိုင်စေရမည်။

## ပုဒ်မ ၁၅ လူနေမှုဘဝလုံခြုံမှု အခွင့်အရေး

ကချင်ပြည်(နယ်)အတွင်းနေထိုင်သူ မည်သူမဆို
(က) မိမိ၏နေအိမ်၊ မိသားစု စာပေးစာယူနှင့် ကိုယ်ပိုင်လွတ်လပ်မှုတို့ကို ဥပဒေနှင့်အညီမဟုတ်သော နှောင့်ယှက်ခြင်း၊မိမိ၏သိက္ခာနှင့်ဂုဏ်သတင်းကိုဥပဒေနှင့်အညီမဟုတ်သောနည်းဖြင့်ထိခိုက်ခြင်းမခံ ထိုက်စေရ။
(ခ) ဥပဒေနှင့်မညီသောနည်းဖြင့် လူပုဂ္ဂိုလ်ကိုရှာဖွေခံရခြင်း၊ နေအိမ်ဥပစာအတွင်း ဝင်ရောက်ရှာဖွေခံရခြင်းတို့နှင့် ၄င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းသိမ်းယူခံရခြင်းမှ လုံခြုံမှုခံစားပိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ ၁၆ သွားလာနေထိုင်ခွင့်

ကချင်ပြည်(နယ်)သူ ပြည်နယ်သားတိုင်းသည်
(က) ကချင်ပြည်(နယ်)အတွင်းလွတ်လပ်စွာသွားလာခွင့်အခြေချနေထိုင်ခွင့်၊စီးပွားရှာဖွေခွင့်နှင့်အလုပ်လုပ်ပိုင်ခွင့်တို့ရှိစေရမည်။
(ခ) မိမိနေရင်းပြည်(နယ်)မှဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်အခြားပြည်(နယ်)တရပ်ရပ်သို့လွတ်လပ်စွာသွားလာခွင့်၊အခြေချနေထိုင်ခွင့်၊စီးပွားရှာဖွေခွင့်နှင့်အလုပ်လုပ်ပိုင်ခွင့်တို့ကိုသက်ဆိုင်ရာပြည်နယ်၏ တရားဥပဒေပြဌာန်းချက်များနှင့်အညီ ရရှိစေရမည်။

## ပုဒ်မ ၁၇ အဖွဲ့အစည်းများတည်ထောင်ခွင့်

ကချင်ပြည်(နယ်)သူပြည်(နယ်)သားတိုင်းသည် –

(က)ဥပဒေနှင့်အညီလွတ်လပ်စွာအသင်းအဖွဲ့များဖွဲ့စည်းတည်ထောင်ခွင့်၊အလုပ်သမားသမဂ္ဂများထူထောင်ခွင့်နှင့် ပါဝင်ခွင့်ရှိစေရမည်။

(ခ)မည်သူ့ကိုမျှအသင်းအဖွဲ့တခုခုသို့ဝင်ရောက်ရန်တိုက်ရိုက်သော်လည်းကောင်း၊သွယ်ဝိုက်၍သော်လည်းကောင်း အတင်းအကျပ် ပြုမူခြင်း မခံစေရ။

## ပုဒ်မ ၁၈ ပညာရေးအခွင့်အရေးများ

ကချင်ပြည်(နယ်)သူပြည်(နယ်)သားတိုင်းသည်

(က) လွတ်လပ်စွာပညာသင်ကြားပိုင်ခွင့်ရှိသည်။

(ခ) မိမိနှစ်သက်ရာ၊ ဝါသနာပါရာ အတတ်ပညာ၊ အသက်မွေးဝမ်းကြောင်းပညာ၊ အဆင့်မြင့်ပညာများကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိစေရမည်။

(ဂ) အခြေခံပညာအလယ်တန်းအဆင့်အထိမသင်မနေရအခမဲ့သင်ကြားခွင့်ရရှိအောင်စီစဉ်ဆောင်ရွက်ရမည်။

## ပုဒ်မ ၁၉ အလုပ်လုပ်ပိုင်ခွင့်

ကချင်ပြည်(နယ်)သူပြည်(နယ်)သားတိုင်းသည် ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ လိင်၊ အသားအရောင်၊ လူမျိုး၊ အသက် အရွယ် ခွဲခြားမှု မရှိစေရဘဲ အလုပ်ရွေးချယ်ပိုင်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့် အခွင့်အရေး ရှိစေရမည်။

## ပုဒ်မ ၂၀ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာအခွင့်အရေး

အရွယ်ရောက်ပြီးသူတိုင်းသည် လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ လွတ်လပ်သော သဘောဆန္ဒနှင့် အညီ လက်ထပ်ထိမ်းမြားပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ ၂၁ ပြည်ပသို့ထွက်ခွာခွင့်၊ ပြန်လည်ဝင်ရောက်ခွင့်

ကချင်ပြည်(နယ်)သူပြည်(နယ်)သားတိုင်းသည် သက်ဆိုင်ရာနိုင်ငံများကခွင့်ပြုလျှင်မည်သည့်နိုင်ငံသို့မဆို လွတ်လပ်စွာသွားလာခွင့်၊ ကချင်ပြည်(နယ်)သို့ ပြန်လည်ဝင်ရောက်ခွင့် ရှိစေရမည်။

ပုဒ်မ ၂၂ ပစ္စည်းပိုင်ဆိုင်ခွင့်

(က) ကချင်ပြည်(နယ်)သူ ပြည်(နယ်)သားတိုင်းသည် တရားသဖြင့်ရှာဖွေရရှိထားသော ပစ္စည်းဥစ္စာများကို ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲ ရောင်းချပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့် ရှိရမည်။
(ခ)ကချင်ပြည်(နယ်)သူပြည်(နယ်)သားတိုင်း၏ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကိုအများပြည်သူအကျိုးအတွက်သာ လျှင်ဥပဒေနှင့်အညီရုပ်သိမ်းမှုပြုလုပ်နိုင်စေရမည်။ရုပ်သိမ်းခံရသူ၏အကျိုးနှင့်အများပြည်သူတို့၏အကျိုး ကိုတရားမျှတစွာ ချိန်ဆ၍ သင့်လျော်သော လျော်ကြေးပေးပြီးမှသာ သိမ်းယူခွင့် ရှိစေရမည်။

ပုဒ်မ ၂၃ ဖမ်းဆီးချုပ်နှောင်ခံရသူ၏အခွင့်အရေး

(က)ကချင်ပြည်(နယ်)အတွင်းနေထိုင်သူမည်သူ့ကိုမျှပြစ်မှုကျူးလွန်သည်ဟုထင်မြင်ယူဆနိုင်ဘွယ်ရာခိုင်လုံ သောအကြောင်းမရှိဘဲ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ထောင်သွင်းအကျဉ်းချ ခြင်း မရှိစေရ။
(ခ) ဖမ်းဆီးချုပ်နှောင်ခံရသူတိုင်းသည် လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံမှုကို ခံထိုက် စေရမည်။
(ဂ) မည်သူ့ကိုမျှ(၂၄)နာရီထက်ကျော်လွန်၍ဖမ်းဆီးချုပ်နှောင်ထားခြင်းမရှိစေရ။(၂၄)နာရီထက်ကျော်လွန် ၍ဆက်လက်ချုပ်နှောင်ရန်လုံလောက်သောအကြောင်းရှိလျှင်သက်ဆိုင်ရာတရားရုံးသို့အစီရင်ခံတင်ပြ ပြီးအခွင့်အာဏာရတရားသူကြီးတစ်ဦးဦး၏ချုပ်မိန့်ဖြင့်သာတည်ဆဲတရားဥပဒေများနှင့်အညီဆက် လက်ချုပ်နှောင်ပိုင်ခွင့် ရှိစေရမည်။

ပုဒ်မ ၂၄ တရားစွဲဆိုခြင်းခံရသူ၏အခွင့်အရေး

(က) မည်သူမဆို ပြစ်မှုတခုခုနှင့်တရားစွဲဆိုခြင်းခံရပါက
၁။ အဆိုပါပြစ်မှုနှင့်စွဲဆိုထားကြောင်းကို နှောင့်နှေးခြင်းမရှိ ကြားသိစေရမည်။
၂။ အမြန်ဆုံးအချိန်ကာလအတွင်း စစ်ဆေးကြားနာမှုကိုရရှိစေရမည်။
၃။ တရားစွဲဆိုခြင်းခံရသူ၏ဆန္ဒနှင့်ဆန့်ကျင်၍သက်သေထွက်ဆိုရန်အတင်းအကြပ်ပြုခြင်း မခံစေရ။
၄။ ဥပဒေနှင့်အညီ ခုခံချေပခွင့် အပြည့်အဝရရှိစေရမည်။
၅။ တရားစွဲဆိုခြင်းခံရသူ၏ကိုယ်စား ဥပဒေအကျိုးဆောင် ငှားရမ်းထုချေပိုင်ခွင့် ရှိစေရမည်။
၆။ တရားစွဲဆိုခြင်းခံရသူ နားလည်နိုင်သောဘာသာစကားဖြင့် စစ်ဆေးကြားနာမှုကို ခံယူပိုင်ခွင့် ရှိစေရမည်။ယင်းသို့ဆောင်ရွက်ရန်အခက်အခဲရှိပါကစကားပြန်၏အကူအညီကို ရယူပိုင်ခွင့် ရှိစေရမည်။

(ခ)တရားစွဲဆိုခြင်းခံရသူ၏အကျိုးကိုထိခိုက်နစ်နာနိုင်စေခြင်းမှလွဲ၍အမှုများကိုအများပြည်သူ၏ရှေ့ မှောက်တွင် စစ်ဆေးကြားနာစေရမည်။

## ပုဒ်မ ၂၅ ရှေ့တော်သွင်းစာချွန်တော်အမိန့်

(က) ဖက်ဒရယ်ပြည်ထောင်စု (သို့တည်းမဟုတ်) ကချင်ပြည်(နယ်)ကို ကျူးကျော်ဝင်ရောက် တိုက် ခိုက်သည့်ကိစ္စအမှုကိစ္စရပ်များ၊တော်လှန်ပုန်ကန်မှုများနှင့်ပြည်သူ့လုံခြုံရေးကိုထိပါးစေသည့်အမှုကိစ္စရပ်များမှလွဲ၍ မည်သည့်အမှုကိစ္စရပ်များတွင်မဆို ရှေ့တော်သွင်းစာချွန်တော်အမိန့် (The Writ of Habeas corpus)ထုတ်ဆင့်ပေးရန် တောင်းဆိုပိုင်ခွင့်ရှိသည်။

(ခ) အထက်အပိုဒ်(က)အရ ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန်တောင်းဆိုမှုနှင့် ပါတ်သက်၍ အခွင့်အာဏာရတရားရုံးသည် စရိတ်စကကုန်ကျမှု၊ နှေင့်နှေးကြန့်ကြာမှုမရှိစေရဘဲ ထုတ်ဆင့်ပေးရမည်။

## ပုဒ်မ ၂၆ တရားစီရင်ခြင်း နှင့် ပြစ်ဒဏ်

(က) ပြစ်မှုဖြစ်ပွားစဉ်အချိန်ကာလ၌ အတည်ဖြစ်နေသောတရားဥပဒေအရသာ စီရင်ရမည်။ နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်း မရှိစေရ။

(ခ) လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်များမချမှတ်ရ။

(ဂ) တရားသေလွှတ်ခြင်းခံရပြီးသူ မည်သူတဦးတယောက်ကိုမျှ အဆိုပါပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင်ခြင်း မပြုရ။

(ဃ) မည်သူမဆို  ပြစ်မှုတစ်ခုအတွက် တစ်ကြိမ်ထက်ပို၍ ပြစ်ဒဏ်ချမှတ်ခြင်းမခံစေရ။ ပြစ်မှုနှင့်ပြစ် ဒဏ်မျှတစေရမည်။

(င)မည်သူမဆိုငွေကြေးဆိုင်ရာလိမ်လည်မှုမှအပမည်သည့်ကြွေးမြီဆိုင်ရာအမှုကိစ္စရပ်များနှင့်မဆိုထောင်ဒဏ်ချမှတ်ခြင်းမခံထိုက်စေရ။

## ပုဒ်မ ၂၇ တိုင်းရင်းသားဘာသာစကား

ကချင်ပြည်(နယ်)သူပြည်(နယ်)သားတိုင်းသည်မိမိလူမျိုး၏ဘာသာစကားနှင့်စာပေတို့ကိုလွတ်လပ်စွာသင်ကြားပိုင်ခွင့်ရှိစေရမည်။ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ ၂၈ ယဉ်ကျေးမှုအခွင့်အရေးများ

ကချင်ပြည်(နယ်)သူပြည်(နယ်)သားတိုင်းသည် မိမိလူမျိုး၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အစဉ်အလာများကို တိုးတက်ပြန့်ပွား အောင် လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

### ပုဒ်မ ၂၉ ပညာသင်ကျောင်းများ တည်ထောင်ခွင့်

ကချင်ပြည်(နယ်)သူပြည်(နယ်)သားတိုင်းသည် ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံနှင့်အသက်မွေးဝမ်းကြောင်းဆိုင်ရာအဆင့်မြင့်ပညာသင်ကျောင်းများကိုသတ်မှတ်ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ တည်ထောင်ပိုင်ခွင့် ရှိစေရမည်။

### ပုဒ်မ ၃၀ နိုင်ငံရေးအခွင့်အရေး

အရွယ်ရောက်သူ ကချင်ပြည်(နယ်)သူပြည်(နယ်)သားတိုင်းသည်

(က)တိုက်ရိုက်သော်လည်းကောင်း၊ရွေးကောက်တင်မြှောက်ထားသောပြည်သူ့ကိုယ်စားလှယ်များမှတဆင့်သော်လည်းကောင်း၊ နိုင်ငံရေးဆိုင်ရာကိစ္စများရပ်တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်။

(ခ)လျှို့ဝှက်၊တိုက်ရိုက်၊လွတ်လပ်၍တရားမျှတမှုရှိသောပုံမှန်အထွေထွေရွေးကောက်ပွဲများတွင်သော်လည်းကောင်း၊အခါအားလျော်စွာကျင်းပသောရွေးကောက်ပွဲများတွင် သော် လည်း ကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့် ရှိစေရမည်။

### ပုဒ်မ ၃၁ အမျိုးသမီးအခွင့်အရေး

(က) အမျိုးသမီးများသည် အမျိုးသားများနည်းတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးတို့တွင် တန်းတူရည်တူခံစားခွင့်ရှိသည်။

(ခ) မိခင်များ၊ ကလေးများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရသတ်မှတ်ပေးသည့် အခွင့်အရေးများခံစားခွင့်ရှိသည်။

(ဂ) အမျိုးသမီးများသည် ထိမ်းမြားလက်ထပ်ရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေးနှင့် သားသမီးစောင့်ရှောက်ထိန်းသိမ်းရေးတို့နှင့်ပါတ်သက်၍ လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်များရရှိခံစားစေရမည်။ယင်းနှင့်ပါတ်သက်၍ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် ဥပဒေပြဋ္ဌာန်းပေးရမည်။

### ပုဒ်မ ၃၂ ကလေးများအခွင့်အရေး

(က) ကလေးသူငယ်တိုင်းနှင့် လူငယ်လူရွယ်တိုင်းသည် ၎င်းတို့၏ ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်တရား တို့ကို ထိပါးချိုးဖေါက်ခံရခြင်းမရှိအောင်အထူးဂရုပြုကာကွယ်စောင့်ရှောက်ပေးရမည်။ထို့ပြင်၎င်းတို့၏ကာယဉာဏဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖေးမကူညီစောင့်ရှောက်ရမည်။

(ခ)ကလေးသူငယ်များအားမိဘသို့မဟုတ်အုပ်ထိန်းသူတို့၏ဆန္ဒမပါပဲ၎င်းတို့၏မိသားစုထံမှကွဲကွာအောင်မပြုလုပ်ရ။ကလေးသူငယ်များကိုပြုစုစောင့်ရှောက်ခြင်းနှင့်သွန်သင်ပြုပြင်ခြင်းတို့သည်မိဘတို့၏သဘာဝအခွင့်အရေးဖြစ်သည်။အကယ်၍မိဘသို့မဟုတ်အုပ်ထိန်းသူတို့ကဝတ္တရားပျက်ကွက်လျှင်သော်လည်းကောင်း၊တနည်းနည်းကြောင့်ကလေးသူငယ်များခိုကိုးရာမဲ့ဘဝသို့ရောက်ရှိမည့်အခြေအနေမျိုးတွင်သော်လည်းကောင်း၊ ကလေးသူငယ်များအား မိသားစုနှင့်ကွဲကွာစေခြင်းကို ဥပဒေအတိုင်းဆောင်ရွက်ရမည်။

(ဂ)ကလေးသူငယ်များကိုစီးပွားရေးနှင့်လူမှုရေးအရခေါင်းပုံဖြတ်ခြင်းမှကာကွယ်စောင့်ရှောက်မှုပြုရမည်။၎င်းတို့၏ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ အသက်အန္တရယ်၊ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု၊ တစ်ခုခုကို ထိခိုက်စေသော အလုပ်လုပ်ကိုင်စေခြင်းများမှ ကာကွယ်စောင့်ရှောက်ရမည်။
(ဃ)ကလေးသူငယ်များအလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်နှင့်စပ်လျဉ်း၍ ပြည်(နယ်)ဥပဒေပြု လွှတ်တော်က ဥပဒေပြု ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ ၃၃ လူ့အခွင့်အရေးကော်မရှင်

(က) လူ့အခွင့်အရေးချိုးဖေါက်ခံရသူ မည်သူမဆို လူ့အခွင့်အရေးကော်မရှင်၏ ကာကွယ် စောင့် ရှောက်မှုကို ရယူခွင့်ရှိစေရမည်။
(ခ) လွတ်လပ်သော လူ့အခွင့်အရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ပေးရမည်။ ယင်းနှင့်ပါတ်သက်၍ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်က ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ ၃၄ အခြေခံဥပဒေ၏ အကာအကွယ်ရယူခြင်း

(က) ကချင်ပြည်(နယ်)အတွင်း နေထိုင်သူတိုင်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အကာအကွယ်ကိုရယူရန်လိုအပ်သောအခါ၌ ပြည်(နယ်)တရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့်ရှိစေ ရမည်။
(ခ) ဤအခွင့်အရေးကို မည်သည့်အခြေအနေတွင်မျိုးတွင်မဆို ရပ်ဆိုင်းထားခြင်းမရှိစေရ။

## ပုဒ်မ ၃၅ ပြည်(နယ်)သားဖြစ်ခွင့် အခွင့်အရေး

ကချင်ပြည်(နယ်)အတွင်းနေထိုင်သူတိုင်းသည် ပြည်(နယ်)၏ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြည်(နယ်)သူပြည်(နယ်)သားအဖြစ် လျှောက်ထားပိုင်ခွင့်ရှိသည်။

## ပုဒ်မ ၃၆ တည်ထွင်ဖန်တီးပိုင်ခွင့်

ကချင်ပြည်(နယ်)သူပြည်(နယ်)သားတိုင်းသည်–
(က)သိပ္ပံပညာနှင့်ပါတ်သက်၍လွတ်လပ်စွာစူးစမ်းရှာဖွေခွင့်၊တီထွင်ဖန်တီးပိုင်ခွင့်၊ သင်ကြား ဆည်းပူးပိုင်ခွင့်ရှိစေရမည်။
(ခ)စာပေနှင့်အနုပညာဆိုင်ရာခေတ်မီတိုးတက်အောင်လွတ်လပ်စွာတီထွင်ကြံဆရေးသားဆောင် ရွက်ပိုင်ခွင့်ရှိစေရမည်။

### ပုဒ်မ ၃၇ မူပိုင်ခွင့်

ကချင်ပြည်(နယ်)သူပြည်(နယ်)သားတို့၏ ဝိဇ္ဇာ သိပ္ပံပညာရပ်ဆိုင်ရာစူးစမ်းရှာဖွေတွေ့ရှိမှု၊ တီထွင်ဖန်တီးမှုတို့ကို အသိအမှတ်ပြု ကာကွယ်စောင့်ရှောက်ပေးရမည်။

### ပုဒ်မ ၃၈ အပြီးသတ်ပိတ်ပင်ခြင်းမရှိစေရ

ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သည်ဆိုခြင်းကြောင့် ဤဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်ထားခြင်းမရှိသေးသည့် ကချင်ပြည်(နယ်)သူ ပြည်(နယ်)သားများ၏ လက်ဝယ်ရှိ အခြားအခွင့်အရေးများကို အပြီးသတ်ပိတ်ပင်ခြင်းမရှိစေရ။

## အခန်း (၃)
## ကချင်ပြည်(နယ်) ဥပဒေပြုလွှတ်တော်

### ပုဒ်မ ၃၉ ကချင်ပြည်(နယ်) ဥပဒေပြုလွှတ်တော်

ကချင်ပြည်(နယ်)၏ဥပဒေပြုမှုအာဏာသည်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်တွင်တည်ရှိသည်။ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုလွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသောမဲဆန္ဒရှင်ပြည်သူလူထုကလျှို့ဝှက်၊တိုက်ရိုက်မဲပေးပြီးရွေးကောက်တင်မြှောက်သော ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်များ ဖြင့်ဖွဲ့စည်းရမည်။

### ပုဒ်မ ၄၀ သီးသန့်ဥပဒေပြုအာဏာ

(က)ကချင်ပြည်(နယ်)၏ဥပဒေပြုမှုအာဏာသည် ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်တွင်တည်ရှိသည် ဆိုသော်လည်း၊ပြည်သူလူထုသည်၊ဥပဒေကြမ်းများ၊ဥပဒေများကိုပြဋ္ဌာန်းပေးရန်၊ပယ်ဖျက်ပေးရန်အဆိုများကိုလွတ်လပ်စွာလူထုသဘောထားစစ်တမ်းများကောက်ယူထုတ်ပြန်ခြင်းအားဖြင့်၄င်း၊ထိုနည်းတူစွာကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကပြဋ္ဌာန်းလိုက်သောမည်သည့်ဥပဒေ၊အကြောင်းအရာ၊ပုဒ်မ၊အစိတ်အပိုင်းကိုမဆိုအတည်ပြုထောက်ခံခြင်း၊ကန့်ကွက်ခြင်းတို့ကိုလွတ်လပ်စွာ လူထုသဘောထားစစ်တမ်းများကောက်ယူထုတ်ပြန်ခြင်းအားဖြင့်၄င်း၊ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ ထုတ်ပြန်သည့်လူထုသဘောထားစစ်တမ်းပါပြည်သူလူထု၏သဘောထားနှင့်အညီကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် ဆောင်ရွက်ပေးရမည်။

(ခ) အထက်ပုဒ်မခွဲ (က)ပါကိစ္စရပ်များနှင့်ပါတ်သက်၍ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ဥပဒေ ပြဋ္ဌာန်း ပေးရမည်။

## ပုဒ်မ ၄၁ သက်တမ်း

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏သက်တမ်းမှာကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်အစည်းဝေး စတင် ကျင်းပသည့်နေ့မှစ၍၄နှစ်ဖြစ်သည်။ပထမအကြိမ်ကျင်းပသည့်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော် အစည်းအဝေးတွင်ရွေးကောက်တင်မြှောက်ခြင်းခံရသည့်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စား လှယ်များကိုအနီးစပ်ဆုံး၂ ပိုင်းခွဲခြား၍ တစ်ပိုင်းကို ၂ နှစ်သက်တမ်းသတ်မှတ်ပေးရမည်။

## ပုဒ်မ ၄၂ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ယာယီသဘာပတိအဖွဲ့

(က) ပထမအကြိမ်ကျင်းပပြုလုပ်သည့်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ပထမနေ့အစည်းအဝေးစတင် ကျင်းပသည့်အခါတက်ရောက်လာကြသည့်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ သည်၄င်းတို့အတွင်းမှကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏ယာယီသဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ရန်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်(၃)ဦးကိုရွေးချယ်တာဝန်ပေး အပ်ရမည်။

(ခ) ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသည့် ယာယီသဘာပတိအဖွဲ့ဝင်များသည် ၄င်းတို့အတွင်းမှ (၁)ဦးကို ဥက္ကဌအ ဖြစ်ဆောင်ရွက်ရန် ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ဂ) ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသည့် ယာယီသဘာပတိအဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ကချင် ပြည်(နယ်) ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ကတိသစ္စာ ပြုကြရမည်။

## ပုဒ်မ ၄၃ ယာယီသဘာပတိအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ယာယီသဘာပတိအဖွဲ့သည် –

(က) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်အစည်းအဝေးကိုစည်းကမ်းတကျဖြစ်စေရန် ကြည့်ကြပ်ကွပ် ကဲရမည်။ယာယီသဘာပတိအဖွဲ့၏ကြည့်ကြပ်ကွပ်ကဲမှုကိုလိုက်နာရန်ပျက်ကွက်သည့် မည်သည့် ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်ကိုမဆိုကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော် အစည်းအဝေးခန်းမအတွင်းမှ အတင်းအကြပ်နှင်ထုတ်ပိုင်ခွင့်ရှိစေရမည်။

(ခ) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ဥက္ကဌနှင့်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ် များ၏ကျမ်းသစ္စာကျိန်ဆိုမှု များကို လက်ခံကြားနာအတည်ပြုပေးရမည်။

## ပုဒ်မ ၄၄ သက်တမ်း

ယာယီသဘာပတိအဖွဲ့၏သက်တမ်းသည်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိနှင့် ကချင်ပြည် (နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ၏ကျမ်းသစ္စာကျိန်ဆိုမှုကိုလက်ခံကြားနာအတည်ပြုပေးပြီး သည့် အချိန်အထိ သာဖြစ်စေရမည်။

## ပုဒ်မ ၄၅ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိ ၊ ဒုတိယသဘာပတိ

ပထမအကြိမ်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏ပထမနေ့ရက်တွင်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏သဘာပတိနှင့်ဒုတိယသဘာပတိတို့ကိုကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်အစည်းအဝေးသို့တက်ရောက်လာကြသည့်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များကမိမိတို့အထဲမှ ရွေးကောက်တင်မြှောက်ရမည်။

## ပုဒ်မ ၄၆ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိနှင့်ဒုတိယသဘာပတိတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိ၏အခွင့်အရေးနှင့်ရပိုင်ခွင့်များကိုသတ်မှတ်နိုင်ရန်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိ၏ရာထူးအဆင့်အတန်းကိုကချင်ပြည်(နယ်)ဒုတိယဝန်ကြီးချုပ်၏ရာထူးအဆင့်အတန်းနှင့် တန်းတူသတ်မှတ်သည်။

(ခ) ကချင် ပြည်(နယ်)ဒုတိယဝန်ကြီးချုပ်သည်ကချင်ပြည်(နယ်)ဝန်ကြီးချုပ်အဖြစ်လက်ခံဆောင်ရွက်ရမည့်အခါကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိသည်ကချင်ပြည်(နယ်)ဒုတိယဝန်ကြီးချုပ်အဖြစ်လက်ခံဆောင်ရွက်ရမည်။

(ဂ) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိသည်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်အစည်းအဝေးကျင်းပနေသည့်အချိန်တွင်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များစည်းကမ်းသေဝပ်လိုက်နာစေရန်နှင့်အစည်းအဝေးစံနစ်တကျ ဖြစ်စေရန် ကြီးကြပ်ကွပ်ကဲရမည်။

(ဃ) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိသည်၄င်း၏တာဝန်ဝတ္တရားများကိုထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါတွင်ဒုတိယသဘာပတိသည်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိ၏တာဝန်နှင့်ဝတ္တရားများကိုဝင်ရောက်ထမ်းဆောင်ရမည်။ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ဒုတိယသဘာပတိ၏အခွင့်အရေးနှင့်ရပိုင်ခွင့်တို့ကိုသတ်မှတ်နိုင်ရန်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိကို ကချင်ပြည်(နယ်)ဝန်ကြီး၏ ရာထူးအဆင့်အတန်းနှင့်တန်းတူသတ်မှတ်သည်။

## ပုဒ်မ ၄၇ ဥပဒေပြုပိုင်ခွင့်

(က) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီကချင်ပြည်(နယ်)နှင့်ကချင်ပြည်(နယ်)သူပြည်(နယ်)သားတို့၏ရေးရာကိစ္စအရပ်ရပ်တို့နှင့်ပါတ်သက်၍လိုအပ်သလို ဥပဒေ များပြဌာန်းသတ်မှတ်နိုင်သည်။

(ခ) ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေအဖြစ်သတ်မှတ်ပေးရန်အဆို(သို့တည်းမဟုတ်)အတည်ဖြစ်နေသည့်ဥပဒေတစ်ရပ်ကိုပယ်ဖျက်ပေးရန်အဆိုတို့ကိုကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်

တစ်ဦးဦးကသော်လည်းကောင်း၊ကချင်ပြည်(နယ်)သားတစ်ဦးဦးကတင်သွင်းလိုခြင်းဖြစ်သည်ဆိုပါကသက်

ဆိုင်ရာကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်မှတစ်ဆင့်သော်လည်းကောင်းကချင်ပြည်(နယ်)ဥပဒေပြုလွှတ် တော်သို့ တင်သွင်းရမည်။

(ဂ) ဤကဲ့သို့ဥပဒေများပြဋ္ဌာန်းသတ်မှတ်ပေးရန် (သို့တည်းမဟုတ်) ပယ်ဖျက်ပေးရန်အဆိုများတင်သွင်းလာသည့်အခါအဓိကကျသည့်ကိစ္စရပ်များဖြစ်ပါကကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏၇၅ရာခိုင်နှုန်းဆန္ဒမဲဖြင့်သော်လည်းကောင်း၊သာမန်ကိစ္စရပ်ဖြစ်ပါကကချင်ပြည် (နယ်) ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ထက်ဝက် ကျော်ဆန္ဒမဲဖြင့်သော်လည်းကောင်း၊ ဆုံးဖြတ်ရမည်။

(ဂ) ကိစ္စတစ်ရပ်ကိုအဓိကကျသည့်ကိစ္စ(သို့တည်းမဟုတ်)သာမန်ကိစ္စဖြစ်သည်မဖြစ်သည်ဆိုခြင်းနှင့်ပါတ်သက်၍အယူအဆကွဲလွဲမှုဖြစ်ပေါ်လာပါကတက်ရောက်လာသည့်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

## ပုဒ်မ ၄၈ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်အစည်းအဝေးများ

(က) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ပုံမှန်အစည်းအဝေးကိုတစ်နှစ်လျှင်တစ်ကြိမ်ကျင်းပရမည်။ လိုအပ်ပါကအထူးအစည်းအဝေး၊ အရေးပေါ် အစည်း အ ဝေး များကို ခေါ် ယူကျင်းပနိုင်သည်။

(ခ) ကချင်ပြည်(နယ်)ဝန်ကြီးချုပ်ကတောင်းဆိုလျှင်သော်လည်းကောင်း၊ ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏၃၅ရာခိုင်နှုန်းတောင်းဆိုလျှင်သော်လည်းကောင်း ကချင်ပြည်(နယ်) ဥပဒေပြုလွှတ်တော်အထူးအစည်းအဝေး (သို့တည်း မဟုတ်) အရေးပေါ် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်။

## ပုဒ်မ ၄၉ အစည်းအဝေးအထမြောက်ခြင်း

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏၅၀ရာခိုင်နှုံးကျော်တက်ရောက်ပါက အစည်းအဝေးအ ထမြောက်စေရမည်။

## ပုဒ်မ ၅၀ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများ

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏စည်းမျဉ်း၊ စည်းကမ်းလုပ်ထုံးလုပ်နည်းများကို ကချင်ပြည်(နယ်)ဥပဒေပြု လွှတ်တော်က ရေးဆွဲပြဌာန်းသတ်မှတ်ပေးရမည်။

## ပုဒ်မ ၅၁ လူထုဆန္ဒခံယူပွဲများကျင်းပခြင်း

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်လူထုဆန္ဒခံယူပွဲများကျင်းပပေးရန်လိုအပ်ပါကခေါ် ယူကျင်းပပေးရမည်။

ပုဒ်မ ၅၂ ရေးရာကော်မီတီများ

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် ကချင်ပြည်(နယ်)၏ရေးရာကိစ္စအရပ်ရပ်တို့နှင့်ပါတ်သက်၍ ရေးရာကော်မီတီများကိုကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များဖြင့်လိုအပ်သလိုဖွဲ့စည်းနိုင်သည်။

ပုဒ်မ ၅၃ ကင်းလွတ်ခွင့်

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်အစည်းအဝေးကျင်းပနေသည့်အချိန်တွင် မည်သည့်ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတစ်ယောက်ကိုမျှကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သို့ သွားရာပြန်ရာလမ်းခရီးတစ်လျှောက်တွင်သော်၄င်း၊ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ဥပစာအတွင်းတွင်သော်၄င်း၊ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိ၏ ခွင့်ပြုမိန့် မရရှိဘဲ ဖမ်းဆီးချုပ်နှောင်ခြင်းမရှိစေရ။

ပုဒ်မ ၅၄ ပြစ်တင်စွပ်စွဲခြင်း

(က) ကချင်ပြည်(နယ်)ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကချင်ပြည်(နယ်)တ ရား ရုံး ချုပ် တရားသူကြီးများသည်–

(၁) နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ခြင်း

(၂) လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း

(၃) ကြီးလေးသောရာဇဝတ်ပြစ်မှုကြီးများကို ဖေါက်ဖျက်ကျူးလွန်ခြင်းနှင့်

(၄) လွန်ကဲစွာကိုယ်ကျင့်တရားဖေါက်ပြားခြင်း –

အစရှိသည်တို့အနက်တစ်စုံတစ်ရာကိုဖေါက်ဖျက်ကျူးလွန်ကြောင်းပြစ်တင်စွပ်စွဲလာပါက ယင်းပြစ်တင်စွပ်စွဲချက်ကိုစုံစမ်းစစ်ဆေးသင့်မသင့်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်တွင်မဲခွဲဆုံးဖြတ်ရမည်။ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်အနည်းဆုံးသုံးပုံတစ်ပုံကထောက်ခံအတည်ပြုမှသာလျှင် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းစုံစမ်း စစ်ဆေးစေရမည်။

(ခ) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်အနည်းဆုံးသုံးပုံတစ်ပုံကစုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့ စည်းစုံစမ်း စစ်ဆေးစေရန်ထောက်ခံအတည်ပြုသည်နှင့်တစ်ပြိုင်နက် စုံစမ်းစစ်ဆေးခြင်းခံရမည့်ပုဂ္ဂိုလ် ထမ်းဆောင် နေသည့် ရာထူးဌာနရမှ ရပ်ဆိုင်းထားစေရမည်။

(ဂ) စုံစမ်းစစ်ဆေးရေးကော်မရှင်၏စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်သုံးပုံနှစ်ပုံ၏ထောက်ခံအတည်ပြုဆုံးဖြတ်ချက်နှင့်အညီ လိုအပ်သလိုဆက်လက်ဆောင်ရွက်စေရမည်။

ပုဒ်မ ၅၅ အမြင့်ဆုံးဥပဒေပြုဌာန

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် ကချင်ပြည်(နယ်)တွင် အမြင့်ဆုံးဥပဒေပြုဌာနဖြစ်သည်။

## အခန်း(၄)
## ကချင်ပြည်(နယ်)အစိုးရ

ပုဒ်မ ၅၆ ကချင်ပြည်(နယ်)အစိုးရ

(က)ကချင်ပြည်(နယ်)အစိုးရကိုဝန်ကြီးချုပ်ဦးဆောင်သည့်ပါလီမန်စနစ်ဖြင့်ဖွဲ့စည်းရမည်။ ကချင်ပြည်(နယ်)အစိုးရသည်ကချင်ပြည်(နယ်)၏ အမြင့်ဆုံးအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည်။

(ခ) ကချင်ပြည်(နယ်)အစိုးရ၏သက်တမ်းသည် ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏သက်တမ်းနှင့် အညီ (၄)နှစ်ဖြစ် သည်။

ပုဒ်မ ၅၇ အစိုးရဖွဲ့စည်းပုံ

ကချင်ပြည်(နယ်)အစိုးရကို–

(က) ဝန်ကြီးချုပ်

(ခ) ဒုတိယဝန်ကြီးချုပ်

(ဂ) ဝန်ကြီးများနှင့်

(ဃ) ကချင်ပြည်(နယ်)ရှေ့နေချုပ်တို့ဖြင့် ဖွဲ့စည်းရမည်။

ပုဒ်မ ၅၈ ဝန်ကြီးချုပ်

(က) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ကချင်ပြည်(နယ်)အစိုးရအဖွဲ့ကိုဦးဆောင်ရန်ဝန်ကြီးချုပ်တစ်ဦးကို ကချင်ပြည်(နယ်)ဥပဒေပြုလွှတ် တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။

(ခ)ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည်ဝန်ကြီးချုပ်အဖြစ်သက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမရှိစေရ။

ပုဒ်မ ၅၉ ကချင်ပြည်(နယ်)အစိုးရအဖွဲ့

(က)ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်အောက်ဖော်ပြပါဝန်ကြီးဌာနများကိုဖွဲ့စည်းရမည့်အပြင်

လိုအပ်လျှင်လိုအပ်သလိုဝန်ကြီးဌာနများကိုတိုးချဲ့ဖွဲ့စည်းခြင်း၊ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(၁) နိုင်ငံခြားရေးဝန်ကြီးဌာန
(၂) လုံခြုံရေးနှင့်ကာကွယ်ရေးဝန်ကြီးဌာန
(၃) ပြည်ထဲရေးဝန်ကြီးဌာန
(၄) စီးပွားရေးဝန်ကြီးဌာန
(၅) ဘဏ္ဍာရေးဝန်ကြီးဌာန
(၆) ကျန်းမာရေးဝန်ကြီးဌာန
(၇) ပညာရေးဝန်ကြီးဌာန
(၈) စွမ်းအင်ဝန်ကြီးဌာန
(၉) စိုက်ပျိုးရေးဝန်ကြီးဌာန
(၁၀) ဆက်သွယ်ရေးဝန်ကြီးဌာန
(၁၁) အလုပ်သမားဝန်ကြီးဌာန
(၁၂) သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန
(၁၃) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(၁၄) လူမှုဖူလုံရေးဝန်ကြီးဌာန
(၁၅) ---------------
(၁၆) ----------------

(ခ) ကချင်ပြည် (နယ်)ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးချုပ်၊ကချင်ပြည်(နယ်)အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ကချင်ပြည်(နယ်)အစိုးရရှေ့နေချုပ်တို့အဖြစ်ထမ်းဆောင်ရန်အမည်စာရင်းများကိုပြုစုပြီး ကချင်ပြည်(နယ်)ဥပဒေပြု လွှတ်တော်၏ အတည်ပြုချက်ဖြင့်ခန့်အပ်တာဝန်ပေးအပ်ရမည်။

**ပုဒ်မ ၆၀ အစိုးရအဖွဲ့၏တာဝန်ဝတ္တရားများ**

ကချင်ပြည်(နယ်)အစိုးရအဖွဲ့သည်–

(၁) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏ကိုယ်စားကချင်ပြည်(နယ်)၏အုပ်ချုပ်ရေး၊စီးပွားရေး၊ ဘဏ္ဍာရေး၊လူမှုရေး၊နိုင်ငံခြားရေး၊ကချင်ပြည်(နယ်)၏လုံခြုံရေးလုပ်ငန်းများကို တာဝန်ယူစီမံခန့်ခွဲရမည်။
(၂) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏ဆုံးဖြတ်ချက်များကိုအကောင်အထည်ဖော် ဆောင်ရွက်ရမည်။
(၃) ဝန်ကြီးဌာနများနှင်ဒေသန္တရအစိုးရအဖွဲ့များကိုဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီလမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။
(၄) တရားဥပဒေစိုးမိုးရေးနှင့်ပြည်(နယ်)တွင်းအေးချမ်းတည်ငြိမ်ရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

(၅) ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ကချင် ပြည်(နယ်)နှင့်သက်ဆိုင်သည့်လုပ်ငန်းရပ်များကို ကူညီဆောင်ရွက်ခြင်း၊လိုအပ်ပါက ကချင်ပြည်(နယ်)ရေးရာနှင့်ပါတ်သက်ပြီးဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(၆) ကချင်ပြည်(နယ်)အစိုးရအဖွဲ့သည် ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကို တာဝန်ခံရမည်။

## ပုဒ်မ ၆၁ ဝန်ကြီးချုပ်၏တာဝန်ဝတ္တရားများ

(က) ဝန်ကြီးချုပ်သည်ကချင်ပြည်(နယ်)နှင့် ကချင်ပြည်(နယ်)အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်သည်။

(ခ) ကချင်ပြည်(နယ်)အတွင်းရှိလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးသည်ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုအောက်တွင်တာဝန်ထမ်းဆောင်နေသည့်အချိန်မှလွဲ၍ဝန်ကြီးချုပ်၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ရှိ စေရ မည်။ ဝန်ကြီးချုပ်သည် ယင်းတပ်ဖွဲ့များအား လုံး၏ အကြီးအကဲဖြစ်သည်။ဤလက်နက်ကိုင်အဖွဲ့အစည်းများကို နိုင်ငံရေးကိစ္စရပ်များအလို့ငှာ အသုံးမပြုရ။

(ဂ) ကချင်ပြည်(နယ်)အစိုးရအဖွဲ့၏တာဝန်နှင်ဝတ္တရားများကို တာဝန်ခံ ဆောင်ရွက်ရမည့်အပြင် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကချင်ပြည်(နယ်) ဖွဲ့စည်းပုံအခြေခံဥပဒေ တို့ အရပေးအပ်ထား သည့် တာဝန် နှင့်ဝတ္တရားများကိုလည်း ကျေပွန်စွာ ထမ်းဆောင်ရမည်။

## ပုဒ်မ ၆၂ ဒုတိယဝန်ကြီးချုပ်၏တာဝန်နှင့်ဝတ္တရားများ

(က) ကချင်ပြည်(နယ်)ဝန်ကြီးချုပ်က ပေးအပ်သောတာဝန်နှင့်ဝတ္တရားများကို ထမ်းဆောင်ရမည်။

(ခ)ကချင်ပြည်(နယ်)ဝန်ကြီးချုပ်သည်မိမိ၏တာဝန်ဝတ္တရားများကိုထမ်းဆောင်နိုင်စွမ်းမရှိ တော့သည့်အချိန်တွင်ဒုတိယဝန်ကြီးချုပ်သည် ကချင်ပြည်(နယ်)ဝန်ကြီးချုပ်၏တာဝန်ဝတ္တရားများကို တာဝန်ယူဆောင် ရွက်ရမည်။

(ဂ)ဤကဲ့သို့တာဝန်ယူဆောင်ရွက်ခြင်းသည်ကချင်ပြည်(နယ်)ဝန်ကြီးချုပ်၏ကြွင်းကျန်သောသက်တမ်းအတွက်သာ ဖြစ်စေရမည်။ ပုဒ်မ ၅၈(ခ)ပါ ပြဋ္ဌာန်းချက်များနှင့် အကြုံးဝင်သက်ဆိုင်ခြင်းမရှိစေရ။

## ပုဒ်မ ၆၃ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များသည်မိမိနှင့်သက်ဆိုင်ရာမဲဆန္ဒနယ်မြေရှိပြည်သူလူထုနှင့်ထိ တွေ့ပြီး ပြည်သူလူထု၏သဘောထားအမြင်များကို အမြဲရယူနိုင်ရန် စီမံဆောင်ရွက်ရမည်။ မိမိ၏လုပ်ဆောင်မှုများကိုပြည်သူလူထုသို့ပုံမှန်တင်ပြရမည်။ထို့ပြင်ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကချင်ပြည်(နယ်)ဥပဒေပြုလွှတ် တော်၏ တာဝန်ပေးမှုများကို လိုက်နာထမ်းဆောင်ရမည်။

ပုဒ်မ ၆၄ လစာ၊ အသုံးစရိတ်နှင့် အဆောင်အယောင်

ဝန်ကြီးချုပ်၊ဒုတိယဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ၏လစာ၊အသုံးစရိတ်၊အဆောင်အယောင်တို့နှင့်ပါတ်သက်၍ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ဥပဒေပြဌာန်း သတ်မှတ်ပေးရမည်။

ပုဒ်မ ၆၅ ကချင်ပြည်(နယ်)ရှေ့နေချုပ်

(က) ကချင်ပြည်(နယ်)ဝန်ကြီးချုပ်က ကချင်ပြည်(နယ်)ရှေ့နေချုပ်အဖြစ်ဆောင်ရွက်ရန်အမည်စာရင်း တင်သွင်းသောသူ ကို ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခန့်အပ်ရမည်။
(ခ) ကချင်ပြည်(နယ်)ရှေ့နေချုပ်၏အခွင့်အရေးနှင့်ရပိုင်ခွင့်များကိုသတ်မှတ်နိုင်ရန်ကချင်ပြည်(နယ်)ရှေ့နေချုပ်၏အဆင့်အတန်းကိုကချင်ပြည်(နယ်)အစိုးရအဖွဲ့ဝင်ဝန်ကြီး၏ရာထူးအဆင့်အတန်းနှင့်တန်းတူသတ်မှတ်သည်။
(ဂ) ကချင်ပြည်(နယ်)ရှေ့နေချုပ်သည် ကချင်ပြည်(နယ်)အစိုးရအဖွဲ့ကို ဥပဒေအကြံဉာဏ်များပေးခြင်းနှင့် ကချင်ပြည်(နယ် )အစိုးရ၏ကိုယ်စား ဥပဒေရေးရာကိစ္စရပ်များကို ဆောင်ရွက်ရမည်။
(ဃ) ယင်းနှင့်ပါတ်သက်၍ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် ဥပဒေပြဌာန်းသတ်မှတ်ပေးရမည်။

ပုဒ်မ ၆၆ အယုံအကြည်မရှိအဆို

(က) ကချင်ပြည်(နယ်)အစိုးရကိုဖွဲ့စည်းပြီးနောက်(၁)နှစ်အတွင်းအစိုးရအပေါ်အယုံအကြည်မရှိအဆိုတင်သွင်းခြင်း မရှိစေရ။
(ခ) တင်သွင်းသောအယုံအကြည်မရှိအဆိုသည်ကချင်ပြည်(နယ်)ဥပဒေပြုကိုယ်စားလှယ်အားလုံး၏ထက်ဝက်ကျော်ထောက်ခံအတည်ပြုချက်ကိုရရှိလျှင် လက်ရှိအစိုးရအဖွဲ့သည် နှုတ်ထွက်ပေးရမည်။ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိသည်အစိုးရသစ်ဖွဲ့စည်းရန်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကို ညွှန်ကြားရမည်။
(ဂ) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် ကချင်ပြည်(နယ်)ဥပ ဒေပြု လွှတ် တော်သဘာပတိ၏ အစိုးရ သစ် ဖွဲ့ စည်းရန် ညွှန်ကြားချက်ကိုရရှိသည့်အချိန်မှစ၍ (၁၄)ရက်အတွင်း အစိုးရသစ်ကိုဖွဲ့စည်းပြီး နှုတ်ထွက်မည့်အစိုးရအဖွဲ့ ထံမှ အစိုးရအဖွဲ့၏လုပ်ငန်းတာဝန်များကို လွှဲပြောင်းလက်ခံရယူရမည်။
(ဃ) အကယ်၍ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ် တော်သဘာပတိ၏အစိုးရသစ်ဖွဲ့စည်းရန်ညွှန်ကြားချက်ကိုရရှိသည့်အချိန်မှစ၍(၁၄)ရက်အတွင်းအစိုးရသစ်ကိုဖွဲ့စည်းနိုင်ခြင်းမရှိပါကကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိသည်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုဖျက်သိမ်းပြီးမိမိသင့်လျော်သည်ဟု ထင်မြင်ယူဆသည့်ပုဂ္ဂိုလ်များနှင့်ယာယီအစိုးရအဖွဲ့ကိုဖွဲ့စည်းပြီးကချင်ပြည်(နယ်)အစိုးရအဖွဲ့၏လုပ်ငန်းတာဝန်ဝတ္တရားများကို လွှဲပြောင်းလက်ခံရယူဆောင်ရွက်ရမည်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သဘာပတိကချင်ပြည်(နယ်)အစိုးရအဖွဲ့၏လုပ်ငန်းတာဝန်များကို လက်ခံ ရယူပြီးသည့်အချိန်မှစ၍ (၆)လအတွင်းရွေးကောက် ပွဲခေါ်ယူကျင်းပပေးရမည်။

(စ) ရွေးကောက်ပွဲကျင်းပပြီး ပထမအကြိမ်ပြည်(နယ်)ဥပဒေပြုလွှတ်တော်က ဖွဲ့စည်းသည့်အစိုးရသစ်သို့ အစိုးရအဖွဲ့၏လုပ်ငန်းတာဝန်ဝတ္တရားများကိုလွှဲပြောင်းပေးပြီးသည်နှင့်တစ်ပြိုင်နက်ယာယီအစိုးရအဖွဲ့သည် ဖျက်သိမ်းပြီးဖြစ်သည် ဟုမှတ်ယူရမည်။

## အခန်း(၅)
# Suffrage and Elections
## ရွေးကောက်ပွဲဆိုင်ရာပြဌာန်းချက်များ

### ပုဒ်မ ၆၇ ရွေးကောက်ပွဲများ

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် –
(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပါတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ဥပဒေပြဌာန်း ချက်များနှင့်မဆန့်ကျင်စေပဲနှင့်သော်လည်းကောင်း၊
(ခ) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များရွေးကောက်တင်မြှောက်ခြင်းနှင့်ပါတ်သက်၍သော်လည်း ကောင်း –ဥပဒေပြဌာန်းသတ်မှတ်ပေးရမည်။

### ပုဒ်မ ၆၈ မဲပေးပိုင်ခွင့်

ကချင်ပြည်(နယ်)သူပြည်(နယ်)သားတိုင်းသည်–
(က) ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် ကချင်ပြည်(နယ်)သူပြည်(နယ်)သားအဖြစ်အသိအမှတ်ပြုခံရခြင်းသည် အနည်း ဆုံး ရက်ပေါင်း (၉၀)ရှိရမည်။
(ခ) မိမိမဲဆန္ဒပေးမည့်မဲဆန္ဒနယ်မြေတွင်နေထိုင်သည်မှာ အနည်းဆုံး (၂)နှစ် ရှိရမည်။
(ဂ) အသက် (၁၈)နှစ်ပြည့်ပြီးဖြစ်ရမည်။
(ဃ) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်မှပြဌာန်းမည့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ ပြဌာန်းချက်များနှင့် ညီညွတ်သူ ဖြစ်ရမည်။

### ပုဒ်မ ၆၉ အဝေးရောက်မဲပေးပိုင်ခွင့်

မိမိနေထိုင်ရာမဲဆန္ဒနယ်မြေ၏ပြင်ပ(သို့တည်းမဟုတ်)ကချင်ပြည်(နယ်)၏ပြင်ပ(သို့တည်းမဟုတ်) ဖက်ဒ

ရယ်ပြည် ထောင်စုမြန်မာနိုင်ငံ၏ပြင်ပသို့ရောက်ရှိနေသော ကချင်ပြည်(နယ်)သူ ပြည်(နယ်)သားတစ်ဦး၏ မဲပေးပိုင်ခွင့်နှင့်ပါတ်သက်၍ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ဥပဒေပြဌာန်းပေးခြင်းအားဖြင့်မဲပေး ပိုင်ခွင့်ဆုံးရှုံးနစ်နာမှုမရှိစေရန် ဆောင်ရွက်ပေးရမည်။

## ပုဒ်မ ၇၀ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်

မဲဆန္ဒပေးပိုင်ခွင့်ရှိသူများသည် –

(က) ကချင်ပြည်(နယ်)သူပြည်(နယ်)သားမိဘတစ်ဦးဦးမှမွေးဖွားသော ကချင်ပြည်(နယ်)သူ ပြည်(နယ်)သားဖြစ်သူ

(ခ) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သို့ရွေးကောက်တင်မြှောက်ခံရန်ဖြစ်လျှင်ရွေးကောက်တင် မြှောက်ပွဲကျင်းပ သည့်နေ့တွင် အသက် (၂၅)နှစ်ပြည့်ပြီးသူ

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက် တင်မြှောက် ခံရန်ဖြစ်လျှင် ရွေးကောက်တင်မြှောက်ပွဲကျင်းပ သည့်နေ့တွင် အသက် (၃၅)နှစ် ပြည့်ပြီးသူ

(ဃ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်ရွေးကောက် တင်မြှောက် ခံရန်ဖြစ်လျှင် ရွေးကောက်တင်မြှောက်ပွဲကျင်းပ သည့်နေ့တွင် အသက် (၃၀)နှစ် ပြည့်ပြီးသူ

(င)ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်ကပြဌာန်းသည့်ဥပဒေ၊ကချင်ပြည်(နယ်)ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ကချင် ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကပြဌာန်းသည့် ဥပဒေ တို့အရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူ–
တို့သည် ရွေးကောက်ပွဲများတွင် ဝင်ရောက်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိစေရမည်။

(စ) သို့ရာတွင်မဲဆန္ဒပေးပိုင်ခွင့်ရှိသောကချင်ပြည်(နယ်)သူပြည်(နယ်)သားတစ်ဦးသည် လွှတ်တော် တစ်ရပ်နှင့် မဲဆန္ဒ နယ်တစ်နယ်တွင်သာ ဝင်ရောက်ရွေးကောက်ခံပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ ၇၁ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း၊ နှုတ်ထွက်ခြင်း၊ အစားထိုးရွေးကောက်တင်မြှောက်ခြင်း

(က) ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်ခြင်းခံရသောကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ် စားလှယ်တစ်ဦးဦးသည်အောက်ဖေါ်ပြပါအကြောင်းတစ်ရပ်ရပ်ကြောင့်၄င်းအား တာဝန်မှပြန်လည် ရုပ်သိမ်းလိုလျှင် သတ်မှတ် ထား သောဥပဒေနှင့်အညီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

(၁)ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဌာန်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ခြင်း

(၂) ပေးအပ်ထားသောတာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာမထမ်းဆောင်ခြင်း

(၃) ကိုယ်ကျင့်တရားလွှန်ကဲစွာ ဖေါက်ပြားခြင်း

(ခ) ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်ခြင်းခံရသော ကချင်ပြည်(နယ်)ဥပဒေပြု လွှတ်တော်ကိုယ် စားလှယ် တစ် ဦးဦး သည် မိမိအားပေးအပ်ထားသည့် တာဝန်ဝတ္တရားမှ နှုတ်ထွက်လိုလျှင် သတ်မှတ်ထားသော ဥပဒေနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းသို့ နှုတ်ထွက်လွှာ တင်သွင်းနိုင်သည်။

(ဂ) အကြောင်းတစ်စုံတစ်ရာကြောင့် ကချင်ပြည်(နယ်)ဥပဒေပြု လွှတ်တော်ကိုယ် စားလှယ် တစ်နေရာရာလစ်လပ်ခဲ့ လျှင် ဥပဒေနှင့်အညီ ပြန်လည်အစားထိုးရွေးကောက်တင်မြှောက်ရမည်။

## အခန်း (၆)
## တရားစီရင်ရေး

### ပုဒ်မ ၇၂ လွှတ်လပ်သောတရားစီရင်ရေး **Independence of the Judiciary**

တရားစီရင်ရေးစံနစ်သည် လွှတ်လပ်သောတရားစီရင်ရေးစံနစ်ဖြစ်သည်။

### ပုဒ်မ ၇၃ တရားစီရင်ရေးအာဏာ

ကချင်ပြည်(နယ်)၏တရားစီရင်ရေးအာဏာသည်ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ကချင်ပြည် (နယ်)တရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအသီးသီး တို့တွင်တည်ရှိ သည်။ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်တရားရုံးများဖွဲ့စည်းပုံနှင့်ပါတ်သက်၍ ဥပဒေပြုပြဋ္ဌာန်းသတ်မှတ်ပေးရမည်။

### ပုဒ်မ ၇၄ ပြည်(နယ်)တရားလွှတ်တော်ချုပ်

ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်သည် ကချင်ပြည်(နယ်)၏ အမြင့်ဆုံးတရားရုံးဖြစ်သည်။

### ပုဒ်မ ၇၅ ဖွဲ့စည်းပုံ

ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်ကို တရားလွှတ်တော်ချုပ်တရားသူကြီး (၇)ဦးဖြင့် ဖွဲ့စည်းရမည်။

ပုဒ်မ ၇၆ ခန့်အပ်ခြင်း

ကချင်ပြည်(နယ်)ဝန်ကြီးချုပ်ကအမည်စာရင်းတင်သွင်းသည့်ပုဂ္ဂိုလ်များကိုကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏ထောက်ခံအတည်ပြုချက်ဖြင့် ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ်ခန့်ထားရမည်။ တရားသူကြီးများ ခန့်အပ်ရာတွင် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင် ခွဲခြားခြင်းမရှိစေရ။

ပုဒ်မ ၇၇ အရည်အချင်း

ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်တရားသူကြီးများသည်ကချင်ပြည်(နယ်)သူပြည် နယ်သားဖြစ်ရမည့်အပြင် ဥပဒေရေးရာ လုပ်ငန်းများတွင် အနည်းဆုံး (၁၀)နှစ် အတွေ့အကြုံရှိပြီးသူဖြစ်ရမည်။

ပုဒ်မ ၇၈ ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်တရားသူကြီးချုပ်

ကချင်ပြည်(နယ်)ဝန်ကြီးချုပ်ကအမည်စာရင်းတင်သွင်းပြီးကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကထောက်ခံအတည်ပြုခန့်ထားခြင်းခံရသည့်ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်တရားသူကြီးများသည် မိမိတို့အတွင်းမှ ကချင်ပြည် (နယ်)တရားလွှတ်တော်ချုပ်တရားသူကြီးချုပ်တစ်ဦးကို ရွေးချယ်ခန့်ထားရမည်။

ပုဒ်မ ၇၉ လစာ၊ အသုံးစရိတ်နှင့်အဆောင်အယောင်

ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်တရားသူကြီးချုပ်၏ လစာ၊ အသုံးစရိတ်နှင်အဆောင်ယောင်တို့ကို သတ် မှတ် နိုင်ရန် ကချင်ပြည်(နယ်)ဝန်ကြီး၏အဆင့်အတန်းနှင့် တန်းတူသတ်မှတ်သည်။

ပုဒ်မ ၈၀ တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ လစာ၊ အသုံးစရိတ်နှင့်အဆောင်အယောင်

ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ လစာ၊ အသုံးစရိတ်နှင်အဆောင်ယောင်တို့ကို သတ်မှတ်နိုင်ရန် ကချင်ပြည်(နယ်)ဒုတိယဝန်ကြီး၏ အဆင့်အတန်းနှင့် တန်းတူသတ်မှတ်သည်။

ပုဒ်မ ၈၁ လွှတ်လပ်စွာစစ်ဆေးစီရင်ပိုင်ခွင့်

ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်နှင့်လက်အောက်ခံတရားရုံးအသီးသီးရှိတရားသူကြီးများသည် ကချင်ပြည်(နယ်)ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကအတည်ပြုပြဌာန်းထားသည့်ဥပဒေပြဌာန်းချက်များကိုလိုက်နာဆောင်ရွက်ခြင်းမှအပ မည်သည့်အစိုးရအဖွဲ့အစည်း၊

လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်၏ဝင်ရောက်စွက်ဖက်ခြင်း၊ဩဇာလွှမ်းမိုးခြင်းမခံစေရ။ လွတ်လပ်စွာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ ၈၂ တာဝန်နှင့်ရပိုင်ခွင့်

မည်သည့်တရားသူကြီးမဆို –

(က) သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကိုဖေါက်ဖျက်ခြင်း

(ခ) မိမိကိုယ်တိုင်နှုတ်ထွက်လွှာတင်သွင်းခြင်း

(ဂ) မိမိ၏တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းမရှိတော့ခြင်း

(ဃ) ဥပဒေကပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်းအငြိမ်းစားယူရမည့်အသက်အရွယ်သို့ရောက်ရှိခြင်းတို့မှ တစ်ပါး ၄င်းတို့ထမ်းဆောင်နေသည့် ရာထူးအဆင့်အတန်းမှ ဖယ်ရှားခြင်း၊ထုတ်ပယ်ခြင်းနှင့် ၄င်းတို့ ရရှိခံစားနေသည့်အခွင့်အရေးတစ်စုံတစ်ရာကိုမည်သည့်အကြောင်းနှင့်မျှပိတ်ပင်ခြင်းမရှိစေရ။ ဥပဒေကပြဋ္ဌာန်းသတ်မှတ်ထားသည့်အငြိမ်းစားယူရမည့်အသက်အရွယ်ထက်ကျော်လွန်၍ တာဝန်ထမ်းဆောင် ခြင်းမရှိစေရ။

## ပုဒ်မ ၈၃ အခြားလုပ်ငန်းများလုပ်ကိုင်မှုကို တားမြစ်ခြင်း

တရားလွှတ်တော်ချုပ်တရားသူကြီးများသည်၄င်းတို့တာဝန်ယူဆောင်ရွက်နေသည့် တရားစီရင်ရေးတာဝန်မှတပါး–

(က) လစာပေးသော အခြားလုပ်ငန်းဌာနများ၌ တာဝန်ယူခြင်းကိုသော်လည်းကောင်း၊

(ခ)အမြတ်အစွန်းကိုအခြေခံသည့်လုပ်ငန်းတခုခု၏ စီမံခန့်ခွဲရေးအဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊

(ဂ)လွှတ်တော်တစ်ရပ်ရပ်၏ကိုယ်စားလှယ်သို့မဟုတ်အစိုးရအဖွဲ့ တစ်ခုခု၏ အဖွဲ့ဝင်သော်လည်း ကောင်း မဖြစ်စေရ။

## ပုဒ်မ ၈၄ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်း

ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်သည်တရားလွှတ်တော်ချုပ်နှင့်လက်အောက်ခံတရားရုံးအသီးသီး တို့၏ နှစ်စဉ် ကုန်ကျမည့် ခန့်မှန်းခြေငွေစာရင်းတို့ကို ပြုစုပြီး ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သို့ သတ်မှတ် ထား သည့်အ ချိန် တွင် တင်ပြရမည်။

ပုဒ်မ ၈၅ အပြီးသတ်ဖြစ်ခြင်း

ကချင်ပြည်(နယ်)ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီကချင်ပြည်(နယ်)နှင့်သက်ဆိုင်သောအမှုကိစ္စများတွင် ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်၏အဆုံးအဖြတ်သည်ဥပဒေကြောင်းဆိုင်ရာအငြင်းပွားမှု (Question of Law) မှအပ အပြီးသတ်ဖြစ်စေရမည်။

ပုဒ်မ ၈၆ စာချွန်တော်အမိန့်များထုတ်ပြန်ခွင့်

ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်သည် စာချွန်တော်မိန့်များထုတ်ပိုင်ခွင့်ရှိသည်။

ပုဒ်မ ၈၇ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ

ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်သည်ကချင်ပြည်(နယ်)ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ နှင့်ပါတ်သက်၍ အနက်အဓိပ္ပါယ်ဖွင့်ဆိုပိုင်ခွင့်၊ စီရင်ဆုံးဖြတ်ပိုင်ခွင့်တို့ရှိစေရမည်။

## အခန်း ၇
## အစိုးရအဖွဲ့အစည်းအဆင့်ဆင့် ဆက်သွယ်ခြင်း

ပုဒ်မ ၈၈ ဖက်ဒရယ်ပြည်ထောင်စုနှင့်ဆက်ဆံရေး

ဖက်ဒရယ်ပြည်ထောင်စု၏လုပ်ငန်းများ၊ ကချင်ပြည်(နယ်)၏လုပ်ငန်းများပြီးပြည့်စုံအောင်မြင်စေရန်အတွက် ဖက်ဒရယ် ပြည်ထောင်စုအစိုးရနှင့် ကချင်ပြည်(နယ်)အစိုးရတို့သည် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ ထောက်ပံ့ကူညီမှုများ ပြု ရမည်။

ပုဒ်မ ၈၉ ပြည်(နယ်)ကိုယ်စားလှယ်အဖွဲ့

ဖက်ဒရယ်ပြည်ထောင်စုဆိုင်ရာကိစ္စရပ်များနှင့်ပါတ်သက်၍ဖြစ်စေ၊ကချင်ပြည်(နယ်)ဆိုင်ရာကိစ္စရပ်များနှင့် ပါတ်သက်၍ဖြစ်စေ၊ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့်ကချင်ပြည်(နယ်)အစိုးရတို့စဉ်ဆက်မပြတ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ကိုယ်စားလှယ်တစ်ဖွဲ့ကို ဖွဲ့စည်း စေလွှတ်ရမည်။ ယင်းအဖွဲ့၏သက်တမ်း သည် တစ်နှစ်ထက်ကျော်လွန်ခြင်းမရှိစေရ။

## ပုဒ်မ ၉၀ ပြည်(နယ်)အချင်းချင်းဆက်ဆံရေး

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်(နယ်)များ နှင့်ပူးပေါင်းဆောင်ရွက် မှုပိုမိုတိုးတက်ရေးအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းပေးရမည်။ ထို့ပြင်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော် သည် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်(နယ် ) (သို့မဟုတ်) ပြည်(နယ်)များနှင့်ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်း ကိစ္စရပ်များတွင် ကချင်ပြည် (နယ်)အနေဖြင့်အချိုးကျထည့်ဝင်ရမည့်ငွေကြေးပမာဏကို ဥပဒေပြဋ္ဌာန်းခွင့် ပြုနိုင်သည်။

## ပုဒ်မ ၉၁ ဒေသန္တရအစိုးရများဆိုင်ရာပြဋ္ဌာန်းချက်များ

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ဒေသန္တရအစိုးရများတစ်ပြေးညီဖြစ်စေရန်အတွက် ဥပဒေပြဋ္ဌာန်းသတ်မှတ် ပေးရမည်။

# အခန်း (၈)
# အရေးပေါ်အခြေအနေ

## ပုဒ်မ ၉၂ အရေးပေါ်အခြေအနေ

အောက်ပါ အခြေအနေတရပ်ရပ်တွင် ကချင်ပြည်(နယ်)ဝန်ကြီးချုပ်သည်အရေးပေါ်အခြေအနေ ကြေညာ ပိုင်ခွင့်ရှိသည်။

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ကချင်ပြည်(နယ်)ကို ပြည်ပနိုင်ငံ(များ)ကကျူးကျော်ဝင် ရောက်ခြင်း(သို့ တည်းမဟုတ်) ကျူးကျော်ဝင်ရောက်မည်ဟု ခိုင်လုံသော အကြောင်းရှိခြင်း။

(ခ) ငြိမ်းချမ်းရေးနှင့်တရားဥပဒေစိုးမိုးမှုပျက်ပြားပြီးအများပြည်သူ၏လုံခြုံမှုနှင့် အေးချမ်း သာယာမှုကိုသိသာထင်ရှားစွာခြိမ်းခြောက်၊ထိပါး၊ပျက်ပြားသည့်အခြေအနေ ပေါ် ပေါက်ခြင်း။

(ဂ) သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ သေဆုံးမှု များ ဖြစ်ပေါ်ခြင်း (သို့တည်းမဟုတ်) ဖြစ်ပေါ်လာရန် ခိုင်လုံသော အကြောင်းရှိခြင်း။

ပုဒ်မ ၉၃ အရေးပေါ်အခြေအနေကြေညာခြင်း

(က)ကချင်ပြည်(နယ်)ဝန်ကြီးချုပ်သည်အထက်ပုဒ်မ(၉၂)တွင်ဖော်ပြထားသည့်အခြေအနေ တရပ်ရပ်သည်ကချင်ပြည်(နယ်)တစ်ခုလုံး(သို့တည်းမဟုတ်)ကချင်ပြည်(နယ်)၏ဒေသ တစ်ရပ်ရပ်တွင် ဖြစ်ပေါ်လာလျှင်ကချင်ပြည်(နယ်)တစ်ဝှမ်းလုံးအတွက်ဖြစ်စေ၊ဒေသတစ် ရပ်ရပ်အတွက်ဖြစ်စေ၊ အရေးပေါ်အခြေအနေ ကြေညာရမည်။

(ခ) အရေးပေါ်အခြေအနေကြေငြာခြင်းသည်ပုဒ်မ(၉၂)ပုဒ်မခွဲ(က)နှင့်(ခ)ပါကိစ္စရပ်များ အတွက်ဖြစ်ပါကကချင်ပြည်(နယ်) ဝန်ကြီးချုပ်သည် အနီးကပ်ဆုံး ပြည်(နယ်)ဥပဒေပြု လွှတ်တော် ပုံမှန်အစည်းအဝေး သို့တည်းမဟုတ် ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော် အရေးပေါ်အစည်းအဝေးကိုခေါ်ယူ၍တင်ပြအတည်ပြုချက်ရယူရမည်။ပြည်(နယ်)ဥပဒေပြု လွှတ်တော်ကအရေးပေါ်အခြေအနေကြေညာခြင်းကိုအတည်မပြုပါကအရေးပေါ်အခြေအနေ ကြေ ညာ ခြင်း သည် ပျက်ပြယ်စေရမည်။

(ဂ) ဝန်ကြီးချုပ်သည်အရေးပေါ်အခြေနေကြေငြာရသည့်အထက်ပုဒ်မ (၉၂)ပါ အ ကြောင်းကိစ္စရပ် များကိုဖြေရှင်းဆောင်ရွက်ရာတွင်အတတ်နိုင်ဆုံးပြည်(နယ်)၏အင်အားအရင်းအမြစ်များကို အသုံးပြုရမည်။ ဝန်ကြီးချုပ်သည်ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏အင်အားကိုရယူရန်လိုအပ် သည်ဟုထင်မြင်ယူဆနိုင်ဘွယ်ရာခိုင်လုံသောအကြောင်းရှိပါက ကချင်ပြည်(နယ်)ဥပဒေပြု လွှတ်တော်အရေးပေါ်အစည်းအဝေးတွင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်သုံးပုံ နှစ်ပုံ ၏ ထောက်ခံအတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဃ) ဤအခန်းပါပြဌာန်းချက်များနှင့်ပါတ်သက်၍ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် ဥ ပဒေပြဌာန်းသတ်မှတ်ပေးရမည်။

ပုဒ်မ ၉၄ တည်ရှိသည့်သက်တမ်းကာလ

(က) အရေးပေါ်အခြေအနေကြေညာသည့်နေ့မှစ၍(၃)လထက်မပိုစေပဲမည်သည့်သက် တမ်းကာလအတွက်ဖြစ်ကြောင်းအရေးပေါ်အခြေအနေကြေညာချက်တွင်အတိအကျ သတ်မှတ်ဖော်ပြရမည်။

(ခ) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏သဘောတူညီချက်ဖြင့်အရေးပေါ်အခြေအနေသက်

တမ်း ကာလကိုနောက်ထပ်သက်တမ်း(၃)လတိုးမြှင့်နိုင်သည်။ကချင်ပြည်(နယ်)၏အရေးပေါ် အခြေ အနေကြေညာမှုသက်တမ်းတိုးမြှင့်မှုကိုပြည်(နယ်)ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ် ဦးရေ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ ရယူရမည်။

(ဂ) (၆)လထက်မကျော်လွန်သောသက်တမ်းတိုးမြှင့်မှုတိုင်းအတွက်ကချင်ပြည်(နယ်)ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အတည်ပြုချက်ကို ရယူရမည်။

**ပုဒ်မ ၉၅ လုပ်ပိုင်ခွင့်နှင့်တာဝန်**

ပုဒ်မ(၉၂)ပုဒ်မခွဲ(က)ပါကချင်ပြည်(နယ်)၏အရေးပေါ်အခြေအနေအောက်တွင်ကချင်ပြည်(နယ်)ဝန် ကြီးချုပ်သည်–

(၁) ကချင်ပြည်(နယ်)လက်နက်ကိုင်အဖွဲ့အစည်းများ၏အကြီးအကဲ၏အခွင့်အာဏာကိုအ သုံး ပြုပြီး ကချင်ပြည်(နယ်)လက်နက်ကိုင်အဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ကချင်ပြည်(နယ်)အတွင်းရှိလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လုံလောက်မှုမရှိမှသာဖက် ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီးဖက်ဒရယ်ပြည်ထောင်စု၏ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များ၏အင်အားကို အသုံးပြုရမည်။

**ပုဒ်မ ၉၆ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စီစစ်ခြင်း**

ကချင်ပြည်(နယ်)တရားလွှတ်တော်ချုပ်သည် –

(က) အရေးပေါ်အခြေအနေတစ်ရပ်ကြေညာခြင်း

(ခ) အရေးပေါ်အခြေအနေ၏ သက်တမ်းကာလတိုးမြှင့်ခြင်းနှင့်

(ဂ) အရေးပေါ်အခြေအနေကြောင့်ပြဋ္ဌာန်းလိုက်သောဥပဒေတစ်ရပ်သို့တည်းမဟုတ် လုပ်ဆောင်မှုတစ်ရပ်သည်ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်ခြင်း ရှိမရှိတို့ကို စီစစ်ဆုံးဖြတ်နိုင်သည်။

**ပုဒ်မ ၉၇ အရေးပေါ်အခြေအနေကာလအတွင်း တရားစီရင်ရေး**

မည်သို့သောအရေးပေါ်အခြေအနေအောက်တွင်မဆိုတရားစီရင်ရေးအာဏာသည်တရားရုံးများတွင်သာတည်ရှိရမည်။တည်ဆဲဥပဒေနှင့်အညီခန့်အပ်ထားသောတရားသူကြီးများကသာ တရားစီရင်ရမည်။

**ပုဒ်မ ၉၈ ရုပ်သိမ်းပိုင်ခွင့်မရှိသော အခြေခံအခွင့်အရေးများ**

အရေးပေါ်အခြေအနေကြောင့်ပြဌာန်းလိုက်သောဥပဒေတစ်ရပ်သို့တည်းမဟုတ်မည်သည့် လုပ်ဆောင်မှုတစ်ရပ်ကမျှနိုင်ငံသားတစ်ဦး၏လူ့ဂုဏ်သိက္ခာနှင့်အသက်ရှင်ရပ်တည်ပိုင်ခွင့်တို့ကို မထိခိုက်စေရ။ အဝမ္မကျုန်ပြုစေခိုင်းခံရခြင်း မရှိစေရ။

**ပုဒ်မ ၉၉ အရေးပေါ်ကာလအတွင်း ဥပဒေပြဌာန်းချက်**

အရေးပေါ်အခြေအနေအရလူပုဂ္ဂိုလ်နှင့်ပတ်သက်၍ဖြစ်စေပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ဖြစ်စေ ပုဒ်မ(၁၂)နှင့်(၁၃)တို့ပါအခြေခံအခွင့်အရေးများမှလွဲ၍မည်သည့်အခွင့်အရေးကိုမဆိုကန့်သတ်ရန် လိုအပ်သောဥပဒေများကို ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်မှ ပြဌာန်းနိုင်သည်။

**ပုဒ်မ ၁၀၀ အရေးပေါ်အခြေအနေပြီးဆုံးခြင်း**

(က) သတ်မှတ်ထားသည့်အရေးပေါ်အခြေအနေကာလသက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ၊ ဝန်ကြီးချုပ်ကရုပ်သိမ်းလျှင်ဖြစ်စေအရေးပေါ်အခြေအနေသက်တမ်းသည် ပြီးဆုံးစေရမည်။

(ခ) အရေးပေါ်အခြေအနေသက်တမ်းကုန်ဆုံးခြင်း၊(သို့တည်းမဟုတ်)ဝန်ကြီးချုပ်ကရုပ်သိမ်းခြင်းကြောင့်အရေးပေါ်အခြေနေသက်တမ်းပြီး ဆုံးကြောင်းကို ကချင်ပြည်(နယ်) ပြန်တမ်းတွင် ထည့်သွင်းထုတ် ပြန် ကြေ ငြာ ရမည်။

## အခန်း(၉)
## အထွေထွေပြဌာန်းချက်များ

ပုဒ်မ ၁၀၁ အလံ

ကချင်ပြည်(နယ်)အလံသည် ------------------------------------------------------------------------------------------------------------------------------------------------------ဖြစ်သည်။

ပုဒ်မ ၁၀၂ ပြည်(နယ်)တံဆိပ်

ကချင်ပြည်(နယ်)တံဆိပ်သည် ------------------------------------------------------------------------------------------------------------------------------------------------------ဖြစ်သည်။

ပုဒ်မ ၁၀၃ ပြည်(နယ်)အစိုးရတံဆိပ်

ကချင်ပြည်(နယ်)အစိုးရတံဆိပ်သည် ------------------------------------------------------------------------------------------------------------------------------------------------------ဖြစ်သည်။

ပုဒ်မ ၁၀၄အမျိုးသားသီချင်း

ကချင်ပြည်နယ်၏အမျိုးသားသီချင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

------------------------------------------------------------------------------------------------------------------------------------------------------။

ဘဏ္ဍာရေး **Finance**

ပုဒ်မ ၁၀၅ အခွန်တော်ငွေကောက်ခံခြင်းနှင့် အခွန်နှုန်းသတ်မှတ်ခြင်း

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် အခွန်တော်ငွေကောက်ခံခြင်းနှင့် အခွန်နှုန်းသတ်မှတ်ခြင်းတို့ တစ်ပြေးညီဖြစ်စေရန်အလို့ငှာ ဥပဒေပြဌာန်းသတ်မှတ်ပေးရမည်။

ပုဒ်မ ၁၀၆ ပိတ်ပင်တားမြစ်ခြင်း

မည်သည့်အစိုးရအဖွဲ့အစည်းမဆို
ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏ဥပဒေပြဌာန်းခွင့်ပြုချက်မရရှိပဲ ကချင်ပြည်(နယ်)
၏ဘဏ္ဍာတော်ငွေမှ ထုတ်ယူသုံးစွဲခြင်းမရှိစေရ။

ပုဒ်မ ၁၀၇ အစီရင်ခံစာတင်ပြရခြင်း

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏ဥပဒေပြဌန်းခွင့်ပြုချက်အရကချင်ပြည်(နယ်)၏ဘဏ္ဍာတော်ငွေမှ ဘဏ္ဍာငွေ ထုတ်ယူသုံးစွဲသော အစိုးရအဖွဲ့အစည်းများနှင့် အခြားမည်သည့်အဖွဲ့အစည်းများမဆို မိမိ တို့၏ရငွေသုံးငွေများနှင့်ပါတ်သက်၍ ဥပဒေ နှင့်အညီ ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်မှ တစ်ဆင့် ပြည်သူလူထုသို့တင်ပြအစီရင်ခံရမည်။

ပုဒ်မ ၁၀၈ ငွေချေးစာချုပ်များချုပ်ဆိုခြင်း

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်အောက်ဖော်ပြပါကိစ္စရပ်များမှတစ်ပါး ကချင်ပြည်(နယ်)၏ကိုယ်စားငွေချေးစာချုပ်စာတမ်းများ ချုပ်ဆိုရန်အခွင့်အာဏာကိုမည်သူ့ကိုမျှလွှဲအပ်ခြင်းမပြုစေရ။
(က) ဘဏ္ဍာတော်ငွေလိုငွေပြခြင်း
(ခ) ကချင်ပြည်(နယ်)ချေးငွေများအတွက် အတိုးများပေးချေရန်ကိစ္စ
(ဂ) ပြည်ပကျူးကျော်မှုများကိုနှိမ်နင်းရန်ကိစ္စ
(ဃ) ဆူပူအုံကြွမှု၊ ပုန်ကန်မှုတို့ကိုနှိမ်နင်းရန်ကိစ္စ
(င) အများပြည်သူ၏လုံခြုံရေးကို ခြိမ်းခြောက်သည့်ကိစ္စရပ်များကို နှိမ်နင်းရန်ကိစ္စ

ပုဒ်မ ၁၀၉ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်း

ကချင်ပြည်(နယ်)ဝန်ကြီးချုပ်သည်ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီအနည်းဆုံး၃လကြိုတင်၍ ရောက်ရှိမည့် ဘဏ္ဍာရေးနှစ်အတွက်ရသုံးခန့်မှန်းခြေငွေစာရင်းများကိုပြုစုပြီးကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သို့ တင်သွင်းရမည်။

ပုဒ်မ ၁၁၀ စာရင်းစစ်ချုပ်

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ကချင်ပြည်(နယ်)အစိုးရအဖွဲ့နှင့်၎င်း၏လက်အောက်ရှိဌာနအဖွဲ့အစည်းအသီးသီးတို့၏ရငွေသုံးငွေတို့ကိုစစ်ဆေးရန်စာရင်းစစ်ချုပ်တစ်ဦးကိုရွေးချယ်ခန့်အပ်ရမည်။စာရင်းစစ်ချုပ်သည်၎င်း၏စစ်ဆေးတွေ့ရှိချက်၊သုံးသပ်ချက်တို့ကိုကချင်ပြည် (နယ်)ဥပဒေပြုလွှတ်တော်နှင့် ကချင်ပြည်(နယ်) အစိုးရအဖွဲ့တို့သို့ သုံးလလျှင်တစ်ကြိမ်တင်ပြရမည်။

ပုဒ်မ ၁၁၁ ပြည်သူ့ဝန်ထမ်းရေးရာ

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ကချင်ပြည်(နယ်)ပြည်သူ့ဝန်ထမ်းများ ရွေးချယ်ခန့်အပ်ခြင်း၊လေ့ကျင့်သင်တန်းပေးခြင်း၊ရာထူးအဆင့်အတန်း၊လစာ၊ခံစားခွင့်၊တာဝန်ဝတ္တရားများခွဲခြားသတ်မှတ်ခြင်းစသည်တို့ နှင့်ပါတ်သက်၍ ဥပဒေပြဌာန်းသတ်မှတ်ပေးရမည်။

ပုဒ်မ ၁၁၂ လူမှုဖူလုံရေးနှင့်သက်သာချောင်ချိရေး

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ပြည်သူလူထု၏ပညာရေး၊ကျန်းမာရေး၊ သက်သာချောင်ချိရေး၊ အိုးအိမ်နေရာချထားရေးတို့ကိုစီမံကိန်းချဆောင်ရွက်ရမည်။ ယင်းသို့စီမံကိန်းချဆောင်ရွက်ရာတွင် ပုဂ္ဂလိကအေဂျင်စီများပါဝင် ဆောင်ရွက်နိုင်ရေးကိုဥပဒေပြဌာန်းပေးရမည်။

ပုဒ်မ ၁၁၃ စစ်ဆေးခြင်း

ကချင်ပြည်(နယ်)အစိုးရသည်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်သည်ဖြစ်စေ၊သီးခြားဆောင်ရွက်သည်ဖြစ်စေ၊အေဂျင်စီ၊ချာရတီအစရှိသည့် အများပြည်သူနှင့်ဆိုင်သောကိစ္စရပ်များကိုဆောင်ရွက်နေသည့်အဖွဲ့အစည်းများကို ဥပဒေစည်း မျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီခြင်းရှိမရှိ စုံစမ်းစစ်ဆေးနိုင်သည်။

ပုဒ်မ ၁၁၄ ထိန်းသိမ်းစောင့်ရှောက်ခြင်း **Conservation**

ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်လယ်ယာစိုက်ပျိုးရေး၊ဓါတ်သတ္တု၊ သစ်တော၊ ရေနှင့်အခြားသဘာဝအရင်းအမြစ်များကိုထိန်းသိမ်းစောင့်ရှောက်ခြင်း၊ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊အသုံးပြုခြင်းတို့နှင့်ပါတ်သက်၍ဥပဒေပြဌာန်းသတ်မှတ်ပေးရမည်။

လုံခြုံရေးနှင့်ကာကွယ်ရေး **Security and Defense Service**

ပုဒ်မ ၁၁၅ ဖွဲ့စည်းခြင်း

(က)ကချင်ပြည်(နယ်)၏လုံခြုံရေးနှင့်ကာကွယ်ရေးအတွက်အောက်ဖေါ်ပြပါလက်နက်ကိုင်တပ်ဖွဲ့များကို ဖက်ဒရယ်ပြည် ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်သည်။

(၁) ပြည်(နယ်)ကာကွယ်ရေးတပ်ဖွဲ့

(၂) ပြည်(နယ်)ရဲတပ်ဖွဲ့

(ခ) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည်ကချင်ပြည်(နယ်)လုံခြုံရေးတပ်ဖွဲ့၊ကာကွယ်ရေးတပ်ဖွဲ့များ ဖွဲ့စည်းခြင်းနှင့်ပါတ်သက်၍ဥပဒေပြဌာန်းရမည်။ကချင်ပြည်(နယ်)ကာကွယ်ရေးတပ်ဖွဲ့ကိုအမြဲတမ်း တပ်ဖွဲ့နှင့် အရံတပ်ဖွဲ့ဟူ၍ နှစ်ပိုင်းခွဲခြားဖွဲ့စည်းရမည်။

## ပုဒ်မ ၁၁၆ အကြီးအကဲ

(က) ကချင်ပြည်(နယ်)ဝန်ကြီးချုပ်သည်ကချင်ပြည်(နယ်)လုံခြုံရေးနှင်ကာကွယ်ရေးတပ်ဖွဲ့များ၏ အကြီးအကဲဖြစ်သည်။

(ခ) ကချင်ပြည်(နယ်)ဝန်ကြီးချုပ်သည် ကချင်ပြည်(နယ်)လုံခြုံရေးနှင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ဒုတိယအကြီးအကဲကိုကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်၏ အတည်ပြုချက်အရခန့်အပ် ရမည်။

## ပုဒ်မ ၁၁၇ စစ်မှုထမ်းခြင်း

အသက်၁၇နှစ်ပြည့်ပြီးသောကချင်ပြည်(နယ်)သူပြည်နယ်သားတိုင်းသည်ဥပဒေအရ ကင်းလွတ်ခွင့်ပြု သည့်မှတစ်ပါးစစ်မှုထမ်းဆောင်ရမည်။ယင်းနှင့်ပါတ်သက်၍ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် ဥပဒေပြဌာန်း သတ်မှတ် ပေးရမည်။

## ပုဒ်မ ၁၁၈ ပြည်(နယ်)သားဖြစ်ခြင်း

ပြည်(နယ်)သူပြည်နယ်သားမိဘနှစ်ပါးမှသော်လည်းကောင်း၊ ပြည်(နယ်)သူပြည်နယ်သားမိဘ တစ်ပါးပါးမှသော်လည်းကောင်း မွေးဖွားသောသူတိုင်းသည် ကချင်ပြည်(နယ်)သားဖြစ်သည်။

## ပုဒ်မ ၁၁၉ ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံသားအလိုလျှောက်ဖြစ်ခြင်း

ကချင်ပြည်(နယ်)သားအဖြစ်အသိအမှတ်ပြုခြင်းခံရသူတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံသား အဖြစ် အလိုအလျှောက်အသိအမှတ်ပြုခြင်းခံစေရမည်။

## ပုဒ်မ ၁၂၀ ပြည်(နယ်)သားဖြစ်ခွင့်

ကချင်ပြည်(နယ်)အတွင်းနေထိုင်သူမည်သူမဆိုပြဌာန်းဥပဒေနှင့်အညီကချင်ပြည်(နယ်)သားအဖြစ်အသိ အမှတ်ပြုခံပိုင်ခွင့်ရှိစေရမည်။ယင်းနှင့်ပါတ်သက်၍ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်သည် ဥပဒေ

ပြဋ္ဌာန်းပေးရမည်။

## အခန်း ၁၀
## အသွင်ကူးပြောင်းရေးကာလဆိုင်ရာပြဋ္ဌာန်းချက်များ

### ပုဒ်မ ၁၁၈ တည်ဆဲဥပဒေများ

(က) တည်ဆဲဥပဒေ၊နည်းဥပဒေများသည်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်လျှင်အတည် ဖြစ်သည်။

(ခ) တည်ဆဲစည်းမျဉ်းဥပဒေ၊စည်းကမ်းဥပဒေ၊အမိန့်ကြော်ငြာစာများ၊ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည်ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကပယ်ဖျက်ခြင်း၊ပြင်ဆင် ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်လျှင် အတည်ဖြစ်သည်။

### ပုဒ်မ ၁၁၉ တည်ဆဲတရားရုံးများ

အဆင့်ဆင့်သောတရားရုံးများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရတရားစီရင်ရေးစနစ်တစ်ရပ် ဖွဲ့စည်းပေါ် ပေါက်သည်အထိ တရားစီရင်ပိုင်ခွင့် အာဏာများကို ဆက်လက်ကျင့်သုံးခွင့် ရှိစေရမည်။

### ပုဒ်မ ၁၂၀ ဝန်ထမ်းများ

ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်မပြုမီကတာဝန်ထမ်းဆောင်လျက်ရှိကြသောအစိုးရအမှုထမ်း အရာထမ်းအားလုံးသည်မိမိတို့၏ မူလရာထူးတာဝန်ဝတ္တရားများအတိုင်းဆက်လက် အမှု ထမ်း စေရမည်။

# အခန်း ၁၁
# ကချင်ပြည်(နယ်)ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ခြင်း
# Amendment of The Constitution

ပုဒ်မ ၁၂၁ ပြင်ဆင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏အစိတ်အပိုင်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပုဒ်မတစ်ရပ်ရပ် (သို့တည်းမဟုတ်)ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ပြင်ဆင်ခြင်း၊ပယ်ဖျက်ခြင်း၊ အစားထိုးခြင်း၊ ဖြည့်စွက်ခြင်းတို့ကိုကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်တွင် စတင်အဆိုတင် သွင်းခြင်းအားဖြင့်ဆောင်ရွက်နိုင်သည်။ဤကဲ့သို့ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစိတ်အပိုင်းတစ်ရပ် ရပ်ကိုသော်လည်းကောင်း၊ ပုဒ်မတစ်ရပ်ရပ် (သို့ တည်း  မဟုတ်) ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သော် လည်းကောင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစား ထိုးခြင်း၊ ဖြည့် စွက်ခြင်းတို့ကိုဆောင် ရွက်စေရန် ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်တွင် စတင်အ ဆိုတင် သွင်း လာပါက

(၁) ကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ၏သုံးပုံနှစ်ပုံ၏အတည်ပြုထောက်ခံ ချက် ကိုရယူခြင်း အားဖြင့်၄င်း၊

(၂) ပြည်(နယ်)လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးပြည်(နယ်)သူပြည်(နယ်)သားများ၏အတည်ပြု ထောက်ခံချက်ကိုရယူခြင်းအားဖြင့်၄င်း၊ပြင်ဆင်ခြင်း၊ပယ်ဖျက်ခြင်း၊အစားထိုးခြင်း၊ဖြည့်စွက်ခြင်းတို့ ကိုအတည်ပြု ပြဋ္ဌာန်းစေရမည်။

(ခ) မည်သည့်ကိစ္စရပ်များသည် အထက်အပိုဒ်(က)(၁)အရ ဆောင်ရွက်သင့်သည်(သို့တည်းမဟုတ်) အထက်အပိုဒ်(က)(၂)အရဆောင်ရွက်သင့်သည်ဆိုခြင်းကိုကချင်ပြည်(နယ်)ဥပဒေပြုလွှတ်တော် တွင် မဲခွဲ ဆုံးဖြတ်ရမည်။